မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၁၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် **Admiral Sureesh Mehta(PVSM, AVSM, ADC)** အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

လက်ခံတွေ့ဆုံ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta(PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Colonel, Jasvinder Singh Chopra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၁၁ ရက်)

ရေသယံဇာတအရင်းအမြစ်များ ဖော်ထုတ် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်

နိုင်ငံတော်က ရေအရင်းအမြစ်များကိုအသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်းများကို ဖော်ဆောင်ပေးလျက် ရှိသည်။

အုတ်တွင်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက် ရှိသည်။

ခပေါင်းရေအားလျှပ်စစ်စီမံကိန်းတွင် ရေယူအဆောက်အအုံ၊ ရေထိန်းတံခါးပြွန်နှင့် ရေလွှတ်ဥမင်လိုဏ်လုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်သည်။ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်လျက် ရှိသည်။

ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၈၄ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ ပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း၁၂၀ခန့် ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

တောင်ငူမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ပသိချောင်းတံတားအနီး၌လည်း ပသိရေအားလျှပ်စစ်စီမံကိန်းကို ဖော်ဆောင်လျက်ရှိရာ ရာခိုင်နှုန်း ၄၀ နီးပါး ပြီးစီးနေပြီ ဖြစ်သည်။ စီမံကိန်းပြီးစီးပါက စုစုပေါင်း စက်တပ်ဆင်အင်အား ၂ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၈ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေး အထောက်အကူပြုလျက်ရှိသော ရေသယံဇာတအရင်းအမြစ်များကို အစွမ်းကုန် ဖော်ထုတ်အသုံးချပြီး တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ ဆောလျင်စွာပြီးစီးရေး ပညာရှင်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘနှစ်ပါးကို အမှူးထား၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၁၃)ရပ်ကွက် ယသဝတီ ၁၈လမ်း အမှတ် ၁၁၂ နေ ဒေါ်အေးကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ-ဗီယက်နမ် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် မေ ၁၀

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၇ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါ ခန်းမဆောင်၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ရန်ကုန်မြို့၌ရောက်ရှိနေသည့် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E Mr. Ta Quang Ngoc၊ ဗီယက်နမ် နိုင်ငံငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ လေ့လာရေးအဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရေလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ ရေလုပ်ငန်းဆိုင်ရာ မွေးမြူမှုနှင့် ဖမ်းဆီးထုတ်လုပ်မှု၊ ပြည်ပပို့ကုန်မြှင့်တင်ရေးနှင့် ရေသယံဇာတ ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E Mr. Ta Quang Ngoc က ဗီယက်နမ်နိုင်ငံ ရေလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်း ပြောကြားကြသည်။

ပြန်လည်မေးမြန်းဆွေးနွေး

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ရေလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ရေချို၊ ရေငန် ငါးမွေးမြူထုတ်လုပ်မှုနှင့် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန် မြစ်ချောင်း အင်းအိုင်များအတွင်း မျိုးစိုက်ထည့်သွင်းမှု၊ ပင်လယ်ပြင် သယံဇာတ ထိန်းသိမ်းရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးဆောင်၍ ရေလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းပြီး စည်းရုံးလှုပ်ရှား ဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြပြီး နှစ်နိုင်ငံ ရေလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ရှင်းလင်းတင်ပြ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် လော်ကားရှိ ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း အမှတ်(၁) မင်္ဂလာဒုံသို့ ရောက်ရှိကြရာ ဝန်ကြီးနှင့်အဖွဲ့အား လော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအေးသွင်က ငါးလုပ်ငန်းစခန်းအတွင်း သားဖောက်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် စခန်း၏ သမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြပြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွေးမြူထုတ်လုပ်လျက်ရှိသော ငါးမျိုးသားပေါက်များကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ဒညင်းကုန်းရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်မာသူ ရေချိုသားပေါက်ထုတ်လုပ်မှုစခန်းသို့လည်းကောင်း၊ ညနေပိုင်းတွင် ကန်တော်ကြီးရှိ ရေချိုငါး ဥယျာဉ်သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၁၁-၅-၂၀၀၇ (သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ ပဋိစ္စသမုပ္ပါဒ်သခ်ါရရှင်းတရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၈:၀၀ ကျန်းမာခြင်းနှင့် ရေသန့်
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ Myanmar Video Rhythm
- ၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ ဆန်းသစ်လုပ ရော်ဘာရွက်ပန်းအလှ
- ၉:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀ လက်ဖက်ရဲ့အဖော်နှစ်ပြန်ကြော်
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၀ ပွဲလယ်တင့်ဆန်း ပိုးထည်ဒီဇိုင်း (မင်းကွန်း)
- ၁၀:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ တို့တစ်ရွာလုံးချမ်းသာပြီ (ဆန်းထွန်း၊ သူသူဟံသာ၊ ဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ) [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]
- ၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ မမေ့နိုင်စရာ နန်းတွင်းရတနာ ရိုက်ကွင်းရှာ
- ၁၂:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၁၀ ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြေီ ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် အမှတ် (၇၀) တက္ကသိုလ် ရိပ်သာလမ်းရှိအင်းလျား ဝေဠုဝန် ပရိယတ္တိစာသင်တိုက် အတွင်း ဆောက် လုပ်လျက် ရှိ သော ပင်မ သုံးထပ် ကျောင်းဆောင်ကြီးအတွက် အမှတ် ၈၅၊ ၁၀၁လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအီခုန်–ဒေါ်ရင်မြ မိသားစုတို့က ကျပ်သုံးသိန်းခွဲကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဧည့်သည်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporationမှ Mr. Young Won Kang President & CEO နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံရာ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ လောလောဆယ်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှချေးငွေဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းစီမံကိန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ကြွဆေးအလွဲသုံးသည့်လူငယ်များအား ထိရောက်သည့်ဆေးဝါးကုသမှုတိုးမြှင့်ရေးစည်းဝေး

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့်ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ ပူးပေါင်းကျင်းပသည့် စိတ်ကြွဆေးအလွဲသုံးသည့် လူငယ်များအား ထိရောက်သည့်ဆေးဝါးကုသမှု တိုးမြှင့်ရေး စီမံကိန်း (The Project "Improving Access for Young People with ATS Abuse to Effective Treatment") စတင် အကောင်အထည်ဖော်ရေး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဂျပန်၊ လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်၊ UNODCအရှေ့ အာရှနှင့် ပစိဖိတ်ဒေသရုံး ကိုယ်စားလှယ် Mr. Akira Fujino **(ယာဉ်ပုံ)**နှင့် ရန်ကုန် UNODC ရုံးဌာနေကိုယ်စားလှယ် Mr. Shariq Bin Raza တို့က အဖွင့်အမှာစကားပြောကြားကြပြီး စီမံကိန်းညှိနှိုင်းရေးမှူးများက စီမံကိန်းဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြကြကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ထို့နောက်အစည်းအဝေးကို နံနက် ၁၁ နာရီတွင်ကျင်းပရာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံများနှင့် UNODCတို့မှ ကိုယ်စားလှယ်၄၅ဦးတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှ ဖွင့်လှစ်သော အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း အမှတ်စဉ်(၂/၂၀၀၇) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၆ ရပ်ကွက် သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်) ရဲမှူးကြီး ဝင်းခေါင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ လ–၁၆၄၅၂၁ ရဲတပ်ကြပ်ကြီး ထွန်းမင်းဇော်၊ ဒုတိယဆုရ လ–၁၈၅၅၈၇ ရဲတပ်ကြပ်အောင်မြင့်ဦးနှင့် တတိယဆုရ လ–၁၆၈၈၈၁ ရဲတပ်ကြပ်ကြီးနန္ဒမင်းအောင်တို့အား ရဲမှူးကြီး ဝင်းခေါင်က ဆုများအသီးသီး ချီးမြှင့်ခဲ့ပြီး သင်တန်းသားများ၏ သင်တန်းဆင်း လက်မှတ်များကို သင်တန်းဆင်းတပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသား တပ်ခွဲမှူး လ–၁၁၂၇၈၅ ဒုတိယရဲမှူးဝင်းအောင်သို့ပေးအပ်သည်။ ယင်းသင်တန်းသို့ ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ သင်တန်းသားအရာရှိ တပ်ဖွဲ့ဝင်နှစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၀၂ ဦး၊ စုစုပေါင်း ၁၀၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၁၀၁နှစ်ပြည့် မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲဆုနှင်း

ရန်ကုန် မေ ၁၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ကြီးမှူး ကျင်းပသော (၁၈)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၉နာရီက အသင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် သင်တန်း တာဝန်ခံများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရွတ်ဆို

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မင်္ဂလသုတ်ပရိတ်တရားတော်များကို ရွတ်ဆိုကြသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် YMBA အသင်း ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး စာမေးပွဲကို တတိယဆင့် အကြီးတန်း၌ ဆုရရှိသူ ၁၀ ဦး၊ ဒုတိယဆင့် အလတ်တန်း၌ ဆုရရှိသူ ၂၀၊ ပထမဆင့် အငယ်တန်း၌ ဆုရရှိသူ ၄၀ စုစုပေါင်းသင်တန်းသား ၇၀တို့အား အခမ်းအနားသို့ တက်ရောက်လာသော တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ဆုရသင်တန်းသားများကိုယ်စား ဧရာဝတီတိုင်းမှ မလှယမင်းဖြိုးနှင့် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ မပွင့်သက်ပိုင်မှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **(က–ပ)**

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သန်လျင်မြို့နယ်၌ ရှင်းလင်းဆွေးနွေး

သန်လျင် မေ ၁၀

သန်လျင်မြို့နယ် ၂၀၀၇–၂၀၀၈ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကို ပြေီ ၂၇ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးကြည်ဟန်က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧကပြည့်မီကျော်လွန်ရေး၊ တစ်မိုးနှစ်သီးစိုက်ပျိုးရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့်မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်တို့က စိုက်ပျိုးရေးလုပ်ငန်းများအပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ကျေးရွာဥက္ကဋ္ဌများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

The Live News ဂျာနယ် အမှတ်(၃၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၀

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ မုန်တိုင်းကမွှေ မိုးကစွေ၊ ရေတွေလျှံတဲ့ ရန်ကုန်မြေ၊ သဘာဝအလှအပရှုခင်းများနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကြီး၊ မြန်မာ့လက်ရွေးစင်နှင့် ယူ–၂၃ ဘောလုံးအသင်းတို့ကို တာဝန်ယူမည့် ဘရာဇီးနည်းပြ၊ ကိုယ့်အကြောင်းကိုယ် ဇာတ်ကား ပြန်ရိုက်မယ်ဆိုတဲ့ စင်ရော်မောင်မောင်၊ ယနေ့ရုပ်ရှင်အမည်တူသုံးစောင်၊ ရွှေစက်တော်သွား တောလား၊ သဘာဝနှင့်နေထိုင်ခြင်း၊ ငြိမ်းချမ်းနယ်မြေ ပြည်သူ့ရင်ခွင်ဆီသို့၊ တောင်နှင့် မြောက်ကိုရီးယားအကြား မီးရထားပြေးဆွဲရေး ဆွေးနွေးမည်၊ တိုက်ဂရစ်မြစ်ကမ်းပါးမှ ခေါင်းလောင်းထိုးသံများ၊ တရုတ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးလေးဦး အစားထိုးပြောင်းလဲခန့်ထား၊ တိုင်းမ်မဂ္ဂဇင်းမှ ရွေးချယ်သည့် ကမ္ဘာကျော် ၁၀၀ စာရင်းတွင် အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ် မပါဝင်၊ မလေးရှားဘုရင်သစ်နန်းတက်ပွဲကျင်းပ၊ တောင်နှင့်မြောက်ဝင်ရိုးစွန်း ဗဟိုချက်နေရာများသို့ တစ်ကိုယ်တော်စွန့်စားသွားရောက်ခဲ့သော အာရှတိုက်သူတစ်ဦး၊ မေ ၁၂ ရက်မှ မေ ၁၈ ရက်အတွင်းမွေးဖွားသည့် မျိုးဆက်သစ် ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ တက္ကစီမင်းနှင့်ဆန်အိတ် ပြဿနာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယင်းသို့ တွေ့ဆုံ နှုတ်ဆက်ရာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အိန္ဒိယ ရေတပ်ဦးစီးချုပ်တို့သည် လက်ဆောင် ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညစာတည်ခင်း

ညပိုင်းတွင် အိန္ဒိယရေတပ် ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် ဇနီး ဒေါ်အေးအေးတို့က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ **(သတင်းစဉ်)**

Basic e-Government စီမံကိန်းဆောင်ရွက်ပြီးစီးခြင်းနှင့် e-Citizen Project ဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးနှင့် Daewoo International Corporation & Cubrid Co., Ltd. တို့

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Park Key Chong ၊ ကိုရီးယားသမ္မတနိုင်ငံ EXIM Bank ဥက္ကဋ္ဌ Mr. Cheon Sik Yang၊ Daewoo ကုမ္ပဏီ President, Mr. Young Won Kang တို့သည် မေ ၈ ရက်က နေပြည်တော်ရှိ ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံကြပြီး ဆက်သွယ်ရေးလုပ်ငန်းတွင် မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ Basic e-Government စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခြင်းနှင့် e-Citizen Project ဆောင်ရွက်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Daewoo International Corporation & Cubrid Co.,Ltd. တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် CIO များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် **(အပေါ်ပုံ)**၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Park Key Chong၊ ကိုရီးယားသမ္မတနိုင်ငံ EXIM Bank ဥက္ကဋ္ဌ Mr. Cheon Sik Yang၊ Daewoo ကုမ္ပဏီ President, Mr. Young Won Kang တို့က အသီးသီး အမှာစကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် e-Citizen Project ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Daewoo International Corporation & Cubrid Co., Ltd.တို့သည် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

ပေးအပ်လှူဒါန်း

ယင်းအခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ EXIM Bankက အမေရိကန် ဒေါ်လာ ၂၀၀၀၀ကို လယ်ဝေးပြည်သူ့ဆေးရုံအတွက် လည်းကောင်း၊ Daewoo ကုမ္ပဏီက ကွန်ပျူတာ ၁၀ လုံးကို ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ဧည့်သည်တော်များအား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆိုးဆေးပါသော အစားအစာများ ကလေးငယ်များ ကျန်းမာရေးထိခိုက်နိုင်

လန်ဒန် မေ ၁၀

သဘာဝအတိုင်းမဟုတ်သော လူတို့ပြုပြင်ဖန်တီးထားသည့် ဆိုးဆေးပါသော အစားအစာများအား ကလေးငယ်များကို မကျွေးသင့်ကြောင်း ဗြိတိန်မှ ကျွမ်းကျင်သူပညာရှင်များက သတိပေးထားသည်။

ဆိုးဆေး

ဆိုးဆေးအရောင်များဖြင့် ကလေးငယ်များအား ဆွဲဆောင်ထားသော အစားအစာများသည် ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုသို့သော အစားအစာများကို စားသုံးသည့် ကလေးငယ်များအနေဖြင့် ရေရှည်တွင် စိတ်ဂနာမငြိမ်ဖြစ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖြစ်စေတတ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဗြိတိန်ကျွမ်းကျင်သူများက ဆက်လက်ပြောကြားသည်။

အသက်သုံးနှစ်မှ ရှစ်နှစ်အတွင်း ကလေးငယ်များကို သုတေသနပြုခဲ့ရာ ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ်ခန့် အဆိုပါ အစားအစာများကို စားသုံးလေ့ရှိကြကြောင်း ၎င်းတို့က ဆိုသည်။

မကျွေးသင့်

ထို့ကြောင့် စူပါမားကတ်များနှင့် ကုန်ပဒေသာဆိုင်များမှ ဆိုးဆေးများပါရှိသော အစားအစာများကို ကလေးငယ်များအား မကျွေးသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ **(ကိုးကား-အင်တာနက်)**

မင်္ဂလာဈေးဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် မေ ၁၀

မင်္ဂလာဈေး သံဃာ့ဒါန ဆွမ်းလောင်းအသင်းက ကြီးမှူးကျင်းပသော ဝါပ အရဏ်ဆွမ်းလောင်းလှူပွဲ အကြိုအထူးတရားပွဲများ ကျင်းပလျက်ရှိရာ မေ ၁၄ ရက် (တနင်္လာနေ့)တွင် ဦးသုမင်္ဂလ M.A (Budd) ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်နှင့် ၂၉ ရက် (အင်္ဂါနေ့)တွင် ဓမ္မစေတီအရှင်ဝီရိယ(တောင်စွန်း) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ မင်္ဂလာဈေးဓမ္မာရုံ ကြားတောရလမ်း ဗဟန်းတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၅-၂၀၀၇ ရက်
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ ရွှေလီတံတား
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ Happy and Educational English Summer Course MRTV

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အတီးပြိုင်ပွဲ
- ၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၁၅ ၆။ **"သတင်းကောင်း"** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၇း၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇း၄၀ ၈။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉း၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသော အသည်းနှလုံး"** (အပိုင်း-၁)
- ၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကြမ္မာနတ်သမီး"** (အပိုင်း-၂)
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဓမ္မကျေးဇူးဆပ် ပထမအကြိမ်တရားစခန်း

ရန်ကုန် မေ ၁၀

မိုးကုတ်ဝိပဿနာပြန့်ပွားရေး ပဲခူး ၁၀ မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ၏ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကို ပူဇော် ကျေးဇူးဆပ်ခြင်းဖြင့် မုံလယ်တောရ ဓမ္မရိပ်သာ၌ သီတင်းသုံးလျက်ရှိသော ဆရာတော်များဖြစ်ကြသည့် ဦးစက္ကိန္ဒ၊ ဦးဥတ္တမ၊ ဦးရေဝတတို့က ဒိဋ္ဌိဖြုတ် ခန္ဓာဉာဏ်ရောက် အလုပ်ပေးတရားတော်မြတ်ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာ ကြာအင်းကြီးကျေးရွာရှိ ရတနာဦးသျှောင်သိမ်တော်ကြီး၌ တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၄ ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

VTV CUP အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဘော်လီဘောအသင်း ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် မေ ၁၀

၂၀၀၇ ခုနှစ် မေ ၁၂ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် (၄)ကြိမ်မြောက် VTV CUP အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဦးမျိုးဝဏ္ဏထွန်း (မန်နေဂျာ၊ Asia Light Supermarket)ခေါင်းဆောင်သော မြန်မာအမျိုးသမီး လက်ရွေးစင်ဘော်လီဘောအသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာအမျိုးသမီး လက်ရွေးစင်ဘော်လီဘောအသင်းအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

သူတို့ပါဝင်

မြန်မာအမျိုးသမီး လက်ရွေးစင်ဘော်လီဘောအသင်းတွင် နည်းပြဆရာအဖြစ် အားကစားဝန်ကြီးဌာနမှ နည်းစနစ်မှူး ဦးသိန်းဆွေနှင့် လက်ရွေးစင်များအဖြစ် ထိုက်ထိုက်ဝင်း(ပို့ဆောင်ရေးဝန်ကြီးဌာန)၊ နီလာအေး(ရန်ကုန်မြို့တော်စည်ပင်)၊ မြမြထွေး(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ ယမင်းလှဝင်း(ပို့ဆောင်ရေးဝန်ကြီးဌာန)၊ မအင်းဆန်း(ပြည်ထဲရေးဝန်ကြီးဌာန)၊ ရီရီလွင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ မိုးမိုးစန်း(ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ချိုချိုဝင်း(ကာကွယ်ရေးဝန်ကြီးဌာန)၊ ခိုင်ခိုင်စိုး(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အေးနန္ဒာကျော်(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)တို့ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပန်းတိုင်ကုမ္ပဏီလီမိတက် ကျန်းမာရေးဆိုင်ရာဆိုင်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ စုံလင်စွာရောင်းချမည်

နေပြည်တော် မေ ၁၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၂-၃၃လမ်းကြားရှိ ရွှေပန်းတိုင် ကုမ္ပဏီလီမိတက်၏ Healthy Shop ဆိုင်ဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက အဆိုပါဆိုင်သစ်ရှေ့တွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါဆိုင်ဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေး အစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ရွှေပန်းတိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ အဆိုပါ ဆိုင်အတွင်း ရောင်းချမည့် ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးတင်အောင် အားရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် မာဃလမ်း အမှတ် ၂၆ နေ ဇနီးဒေါ်ဝင်းကြည်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ကျောက်ဆည်) အရှင်ဝိမလထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးကျော်မင်းနှင့် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသွင်တို့က အဆိုပါဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် Healthy Shop ဆိုင်းဘုတ်အား တိုင်းမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် တက်ရောက်လာသော ဧည့်သည်များက

ပစ္စည်းစုံလင်စွာ ရောင်းချ

ယနေ့ ဖွင့်လှစ်သည့် Healthy Shop ဆိုင်၌ လူ့ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှု ကောင်းမွန်စေရန်အတွက် ရနံ့ဖြင့်ကုသသည့် ပစ္စည်းများ၊ စိတ်ဖိစီးမှု သက်သာစေရန် ရနံ့ကုထုံးပစ္စည်းများ၊ အမျိုးသမီးသုံး အလှပစ္စည်းများ၊ Skin Care ၊UV Care၊ Hair Care ၊ Body Care တို့နှင့် သက်ဆိုင်သည့် ပစ္စည်းများကို စုံလင်စွာ ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ (အပိုင်း-၁၆)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၄၁)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲ ရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် မေလအတွက်

၁၃-၅-၂၀၀၇ ရက်နေ့

နှင့်

၂၇-၅-၂၀၀၇ ရက်နေ့

ပြင်ဦးလွင်၌ အဘိုးအဘွားများအား ငွေနှင့်ပစ္စည်းလှူဒါန်း

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြင်ဦးလွင် ဘိုးဘွားရိပ်သာ သက်ကြီးရွယ်အို အသက် (၉၀) အထက် ဘိုးဘွားများနှင့် ရပ်ကွက်ကြီး ၁၀ ခုရှိ ဘိုးဘွားများအား ငွေနှင့်ပစ္စည်းများ လှူဒါန်းပူဇော်ပွဲကို ဧပြီ ၂၉ရက်က ပြင်ဦးလွင် ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် ရပ်ကွက်ကြီး ၁၀ ခုတို့မှ အသင်းဥက္ကဋ္ဌများ တက်ရောက်ကြပြီး ဘိုးဘွားရိပ်သာရှိ ဘိုးဘွား၁၉ဦးနှင့် ရပ်ကွက်များ အတွင်းရှိ ဘိုးဘွား ၂၁ ဦးတို့အား ငွေကျပ် ၃၅၂၀၀၀ တန်ဖိုးရှိ ငွေနှင့် လှူဖွယ်ပစ္စည်းများအား ဘိုးဘွားတစ်ဦးချင်း နေအိမ်သို့ သွားရောက်လှူဒါန်းခဲ့သည်။ (၂၈၀)

မတ္တရာ၌ သက်ကြီးပူဇော်

မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးလျက် သပြေသာကျေးရွာအုပ်စု ကိန္နရာ ရွာဘုန်းတော်ကြီးကျောင်းတွင် သက်ကြီးပူဇော်ပွဲအခမ်းအနားကို သကြ်န်(အတက်နေ့) နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမြင့်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သက်ကြီးဘိုးဘွားတို့ကို လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကြသည်။ ထို့နောက် သက်ကြီးဘိုးဘွားများက ဆုံးမသြဝါဒစကား ပြောကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက် ၄ လမ်းနေ ဦးစိုးမြင့်-ဒေါ်မြဌေးမိသားစုတို့က ဒေါ်မြဌေး၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက်လှူဒါန်း

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန လားရှိုးအကျဉ်းထောင် ဝန်ထမ်း မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများ အားလပ်ချိန် အနားယူအပန်းပြေစေရေးနှင့် ဗဟုသုတတိုးပွားစေရေးအတွက် တစ်လုံးလျှင် ကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ရောင်စုံရုပ်မြင်သံကြားပြစက်နှစ်လုံး၊ တန်ဖိုးကျပ်လေးသောင်းရှိ DVD (MP.4) ပြစက် တစ်လုံးတို့ကို အဆိုပါဦးစီးဌာနတွင် မေ ၅ ရက် နံနက် ၉ နာရီက ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ အကျဉ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဝန်ထမ်းများ၊ အကျဉ်းသား အကျဉ်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း

ပြည်တွင်း

သတင်း အတိုအထွာ

အင်းတော် သတိပဋ္ဌာန်ဓမ္မာရုံ ၁၀ ရက် တရားစခန်း

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်တိတ်ဒေသ နန့်ဆင်-ကျွန်းတောနယ်မြေ တုန်စည်ဘုရား စေတိယ ရက္ခိတ ကျောင်းတိုက်ရှိ မဟာသတိပဋ္ဌာန် ဓမ္မာရုံကြီးတွင် သင်္ကြန် ၁၀ ရက် တရားစခန်းနှင့် (၁၁)ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ရာ တုန်စည်ဆရာတော် ဦးဝဏ္ဏနှင့် စစ်ကိုင်း ရွှေစေတီသာသနာ့ရိပ်သာမှ ဦးအာစိဏ္ဏ၊ ဦးသာသနတို့က ဟောကြားပြသခဲ့ရာ ဒုလ္လဘ ၃၁ ပါး၊ သီလရှင် လေးပါး၊ အမျိုးသား၊ အမျိုးသမီးယောဂီ ၁၅၇ ဦး တို့ တရားစခန်းဝင်ရောက်ခဲ့ကြကြောင်း သိရသည်။ (၁၃၃)

အင်္ဂလိပ်သဒ္ဒါအခြေခံကောင်းများရရှိရန် ရည်ရွယ် သထုံ၌ နွေရာသီအင်္ဂလိပ်သဒ္ဒါသင်တန်းဖွင့်

သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ နွေရာသီအင်္ဂလိပ် သဒ္ဒါသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက သထုံမြို့ အလက(၁)ခန်းမ၌ကျင်းပရာ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သတ္တမတန်းနှင့် အဋ္ဌမတန်းသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်သဒ္ဒါ အခြေခံကောင်းများရရှိစေရန်နှင့် အင်္ဂလိပ်စာအထွေထွေ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်ကြောင်းသိရသည်။ **(ခရိုင်အမျိုးသမီးရေးရာ)**

ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်း

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဗဟိုပြု၍ ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ဧပြီ ၂၃ ရက် နံနက် ၁၁နာရီက ခရိုင်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ် အလုပ်အမှုဆောင် ဦးကျော်စိုးလေး၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးစံလင်းတို့က အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့မှ မြို့နယ်အသင်း အတွင်းရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

သာကေတမြို့နယ်၇/အနောက်ရပ်ကွက် မြေနီ ၁လမ်းနေ ဦးခင်ဇော်-ဒေါ်ဝင်းဝင်းအေးတို့က နှစ်ဖက်သောမိဘများအားအမှူးထား၍ အရှေ့တက္ကသိုလ် ပရိယတ္တိကျောင်းတိုက်အတွင်း ကျောင်းဟောင်းပြုပြင်ဆောက်လုပ်ရာ၌ ဘုရားခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဓမ္မိကထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဗီယက်နမ် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ နှစ်နိုင်ငံငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၁၀

ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့် ဇနီး Mrs. Luong Thanh Chau တို့အဖွဲ့သည် နှစ်နိုင်ငံငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ငါးမွေးမြူရေးဆိုင်ရာများ လေ့လာရန် မေ ၉ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီ၏ Top Success ရေချိုငါးမွေးမြူရေးစခန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မွေးမြူရေးစခန်းတာဝန်ခံနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက မွေးမြူရေးကဏ္ဍဖြင့် နိုင်ငံခြားပို့ကုန် မြှင့်တင်ဆောင်ရွက်နေမှု၊ သဘာဝကန်ကျယ်များဖြင့် အသားတိုးမွေးမြူခြင်း၏ အကျိုးရလဒ်ကောင်းများကို ရှင်းလင်းတင်ပြကြရာ ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့က ပြန်လည်ဆွေးနွေးမေးမြန်းပြီး ရေချိုအသားတိုးငါးများ၏ ကြီးထွားသန်စွမ်းမှုများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် ဂရင်းဝင်း ငါးမွေးမြူရေး စခန်းနှင့် ညောင်တုန်းမြို့နယ်အာရှသားငါး/ပုစွန်မွေးမြူရေး စခန်းများသို့ သွားရောက်၍ ရေချိုပုစွန်တုပ်ကြီး မွေးမြူအောင်မြင်နေမှုနှင့် ငါး/ပုစွန် ရောနှောမွေးမြူမှုစနစ်ကို မေးမြန်းဆွေးနွေး လေ့လာကြသည်။

တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်သို့ရောက်ရှိပြီး လေ့လာရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေထွက်ပစ္စည်း ကုန်သွယ်မှုဆိုင်ရာ တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ International Cooperation Department မှ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Nguyen Viet Manh တို့က မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။ ဆက်လက်၍ ညပိုင်းတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဌေးမြင့်က ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့်အဖွဲ့သည် ယနေ့နံနက်ဇနာရီတွင် ထိုင်းနိုင်ငံလေကြောင်းဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံ ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် ဇနီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးကျော်လွင်နှင့်ဇနီး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ **မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။**

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ **ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ-**

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကိုစားသုံးခြင်း၊

(ဂ) မိုးရွာပြီး ရေတင်ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့်အလေ့အကျင့် အားနည်းခြင်း။

၃။ **အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန်၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတု အပူအအေးအပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာ ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း

ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒ အငြိမ်းစားဗိုလ်ချုပ်ကြီးများ ဝေဖန်ပြောဆို

ဝါရှင်တန် မေ ၁၀

အမေရိကန်သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒတစ်ရပ်ကို မေ၉ရက် (ဗုဒ္ဓဟူးနေ့)က အငြိမ်းစား အမေရိကန်ဗိုလ်ချုပ်ကြီးသုံးဦးက စတင်ဝေဖန်ပြောဆိုလိမ့်မည်ဖြစ်ကြောင်း ဖောက်စ်နယူးစ်က ဖော်ပြသည်။

ဖော်ပြ

ယင်းအမေရိကန် အငြိမ်းစားဗိုလ်ချုပ်ကြီးသုံးဦးမှာ ဂျွန်ဘက်စတီ၊ ပေါလ်အီတန်နှင့် ဝက်စ်လေကလပ်တို့ဖြစ်ကြပြီး ယင်းတို့သည် စစ်ဆန့်ကျင်ရေးအုပ်စုတစ်ခုကို ဦးဆောင်လျက် ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒကို ဝေဖန်တိုက်ခိုက် ပြောကြားမည်ဖြစ်ကြောင်း အဆိုပါသတင်းက ဖော်ပြသည်။

ပြောကြား

သမ္မတဂျော့ဒဗလျူဘုရှ်သည် အီရတ်စစ်ပွဲကို လွဲမှားစွာဦးဆောင်နေကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်မှ ပြန်လည်ဆုတ်ခွာသင့်ကြောင်း တစ်ချိန်က အီရတ်စစ်သားများကို ဦးဆောင်ခဲ့သော ဗိုလ်ချုပ်ကြီး ဂျွန်ဘက်စတီက ပြောကြားလိုက်သည်။

ဗိုလ်ချုပ်ကြီးဟောင်း အီတန်ကလည်း အလားတူ လာမည့်သီတင်းပတ်တွင် ဝေဖန်ပြောဆိုလိမ့်မည်ဟု မျှော်လင့်ရသည်။

ဝေဖန်သုံးသပ်

နေတိုး တပ်မှူးဟောင်း ဗိုလ်ချုပ်ကြီးကလပ်ကလည်း အီရတ်အကြမ်းဖက်စစ်ပွဲတွင် အမေရိကန်တို့ မည်သို့အထိနာရေးဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဝေဖန်သုံးသပ် ပြောကြားမည်ဟု ဆိုလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ ဇွန် ၂၇ ရက်တွင် ရာထူးမှ နုတ်ထွက်မည်

လန်ဒန် မေ ၁၀

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် လာမည့်ဇွန် ၂၇ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်ကို မေ ၁၀ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်ဘလဲသည် ၎င်းနုတ်ထွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီး အထက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဦးဆောင်နိုင်ခဲ့

ထို့အပြင် ဝန်ကြီးချုပ်တိုနီဘလဲက မိမိ၏အစိုးရသည် မျှော်လင့်ချက်များစွာ မရှိတော့ကြောင်း၊ သို့ရာတွင် ၎င်းအနေဖြင့် ဗြိတိန်နိုင်ငံကို ကံကောင်းထောက်မစွာဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

ဘလဲသည် လေဘာပါတီက ခေါင်းဆောင်သစ်အဖြစ် ဂေါ်ဒန်ဘရောင်းအား ရွေးချယ်တင်မြှောက်သည့်တိုင်အောင် ဒေါင်းနင်းလမ်းတွင် ဆက်၍နေထိုင်သွားမည်ဟု ဆိုသည်။

မစ္စတာဘလဲ၏ လက်ရှိအစိုးရသည် နောက်ထပ်ခေါင်းဆောင်သစ် ရွေးချယ်ပြီးသည့်တိုင်အောင် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်းလည်း ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်သည်။

၁၀ နှစ်ကြာ

ဘလဲသည် ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို ၁၀နှစ်ကြာ ထမ်းဆောင်ခဲ့သော်လည်း စီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်မှုနည်းကြောင်းလည်း အဆိုပါကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်က ဝေဖန်ပြောကြားလိုက်သည်။

မစ္စတာဘလဲ၏ အစိုးရသည် ယခုအခါ အီရတ်စစ်ပွဲတွင် အမေရိကန်၏ အပေါင်းပါအဖြစ် ပါဝင်ကျူးကျော်တိုက်ခိုက်ခဲ့သည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေသည်ဟု ဆိုသည်။

မော်လမြိုင်ကောလိပ် သတ္တဗေဒကျောင်းသားဟောင်း အာစရိယပူဇော်

ရန်ကုန် မေ ၁၀

မော်လမြိုင်ကောလိပ် သတ္တဗေဒ (၁၉၇၅-၇၉) ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၃၀ ရက်က ရန်ကုန်မြို့ ဝါးတန်းဇောတံတား အမှတ်(၁/၂)ရှိ UCAN စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာမကြီး ဒေါက်တာမော်လီမောင်က အမှာစကားပြောကြားပြီး ကိုတင်ဇော်ဝင်းက ကန်တော့ချိုးတိုင်ပေးကာ အပူဇော်ခံဆရာ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ကန်တော့ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဆရာ ဆရာမကြီးများကိုယ်စား ဦးတင်ထွန်းက ဆုံးမဩဝါဒစကား ပြောကြားပြီး ကိုမျိုးမြင့်က ငွေစာရင်းရှင်းတမ်း ဖတ်ကြားတင်ပြကာ မဥမ္မာလှိုင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 2007 Davis Cup By BNP Paribas Asia/ Oceania Zone Group IV ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် **2007 Davis Cup By BNP Paribas Asia/ Oceania Zone Group IV** ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF) မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။ ယင်းနောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က 2007 Davis Cup By BNP Paribas Asia/ Oceania Zone Group IV တင်းနစ်ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများသည် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲ ပွဲစဉ်များကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ 2007 Davis Cup By BNP Paribas Asia/ Oceania Zone Group IV ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်းဒါရုဆလမ်၊ အီရတ်၊ ဂျော်ဒန်၊ ကာတာ၊ ဆီးရီးယား၊ တာဂျီကစ္စတန်နှင့် တာမင်နစ္စတန်နိုင်ငံများမှ တင်းနစ်အသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ယမန်နေ့မှ မေ ၁၃ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ တင်းနစ်ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 2007 Davis Cup By BNP Paribas Asia/ Oceania Zone Group IV ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် နှစ်ဖက်မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးမြင့်ကြည်တို့အားရည်စူး၍ ရန်ကုန်မြို့ သုဝဏ္ဏနေ ကျောင်းအလှူရှင် ဒေါ်အေးအေးနှင့် သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးသက်လှိုင်-ဒေါ်မွန်မွန်ချို မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးစိန်ညွန့်-ဒေါ်ခင်ရွှေမိသားစု မော်လမြိုင်မြို့က ကျောင်းအလှူငွေကျပ် ငါးသောင်းတို့ကို အထွေထွေအတွင်းရေးမှူး ဆရာတော်အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ရှေ့မှောက်တွင်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် သီရိသုမင်္ဂလ ဒေါ်မြရှင်က လက်ခံယူစဉ်။ (က-ပ)

ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း အာစရိယပူဇော်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း တိုက်၌ကျင်းပရာ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး၊ အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံအုပ်ကြီး ဒေါက်တာမိုးအောင်က အမှာစကားပြောကြားသည်။

ကန်တော့

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာအေးကိုက ကန်တော့ပန်ကြားလွှာတိုင်ပေးပြီး အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံကြီးမှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆေးရုံအုပ်ကြီးများ၊ ဆရာဝန် ဆရာဝန်မများ၊ သူနာပြု ဆရာ ဆရာမများ၊ အရိုး အကြောကျွမ်းကျင်သူများ၊ ခြေတု လက်တု ကျွမ်းကျင်သူများအား ကန်တော့ငွေနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်၍ ကန်တော့ကြသည်။

သြဝါဒစကား

ထို့နောက် အပူဇော်ခံ ဆရာဝန်ကြီးများ ကိုယ်စား ဒေါက်တာသာမိုး၊ အရိုးအကြောကျွမ်းကျင်သူများကိုယ်စား ဦးသိန်းလွင်၊ သူနာပြု ဆရာ ဆရာမများကိုယ်စား သူနာပြုအုပ် ဒေါ်ခင်သီတို့က ဆုံးမသြဝါဒများ အသီးသီးပြောကြားကြပြီး ပူဇော်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကိုကိုက အသင်းသားအသင်းသူများနှင့် တက်ရောက် ဂါရဝပြုသော ကိုယ်အင်္ဂါမသန်စွမ်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။

(က-ပ)

သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar Korea Timber International Limited(MKTI) အမေရိကန်ဒေါ်လာသန်း၁၀၀ပြည့် ပြည်ပတင်ပို့နိုင်မှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar Korea Timber International Limited(MKTI) ၏ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ပြည့် ပြည်ပတင်ပို့နိုင်မှု အထိမ်းအမှတ် အခမ်းအနားကို မေ ၇ ရက်က နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Park Key Chong၊ ဒေဝူး နိုင်ငံတကာ ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Young Won Kang နှင့် MKTI မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဒေဝူးနိုင်ငံတကာ ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြပြီး MKTI မန်နေဂျင်းဒါရိုက်တာ Mr. Jung Ham Kin က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရောင်စုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၆ ဖြန့်ချိရောင်းချ

ရန်ကုန် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၆ ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

နှစ်ချုပ်ဆောင်းပါး

ရည်ညွှန်းကိုးကားပြုနိုင်သော ကျမ်းစာအုပ်ဖြစ်သည့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၂၀၀၆ တွင် အပိုင်းသုံးပိုင်း ခွဲခြားတင်ပြထားသည်။ ပထမပိုင်းတွင် ၂၀၀၅ ခုနှစ်အတွင်း တစ်နှစ်တာဖြစ်ရပ်များကို ဖော်ပြထားပြီး ဒုတိယပိုင်းတွင် သဘာဝဘေးဒဏ်၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ စာပေရေးရာနှင့် နှစ်ချုပ်ဆောင်းပါးများ ကိုးပုဒ်ပါရှိသည်။

တတိယပိုင်းတွင် ၂၀၀၅ ခုနှစ် အကြောင်းရပ်များနှင့် အက္ခရာစဉ်အညွှန်း ပါရှိသည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၂၀၀၆ကို စက္ကူဖြူချောဖြင့် ပုံနှိပ်ပြီး ကြွေစက္ကူရောင်စုံပုံရှစ်ပုံ၊ အဖြူ အမည်း ပုံ ၁၅၀ ကျော်နှင့် စာမျက်နှာပေါင်း ၃၀၀ ကျော်ပါရှိသည်။

ဝယ်ယူနိုင်

အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်ရှိ စာပေ ဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ရန်ကုန် နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ နယ်မှတစ်ဦးချင်းဝယ်ယူလိုပါက အရောင်းဌာနဖုန်း-၃၈၁၄၄၈/ ၂၄၉၀၃၁ စာပေဗိမာန် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့လိပ်မူ၍ မှာကြားဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသွင်ပြောင်းဒီပလိုမေစီ၏ ဇာတ်ကောင်များကို...အထူးသတိပြု

စာဖတ်သူတစ်ဦး

မကြာမီရက်ပိုင်းက စာဖတ်သူ မိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ရာ ဆုံနေကျလက်ဖက်ရည်ဆိုင်ထဲသို့ ကျွန်တော် ရောက်ရှိသွားချိန်တွင် မိတ်ဆွေအချို့က ဂျာနယ်တစ်စောင်ထဲမှ သတင်းတစ်ပုဒ်ကို ဝိုင်းအုံ ဖတ်ရှုနေကြသည်ကို တွေ့လိုက်ရပါသည်။

မိတ်ဆွေတစ်ဦးက "လာဗျို့...စာဖတ်သူကြီး၊ ဒီမှာ ရုရှားသမ္မတပူတင် ဧပြီလ ၂၆ ရက်နေ့က ပြောသွားတဲ့ မိန့်ခွန်းသတင်းကို စိတ်ဝင်စားလို့ ဖတ်နေကြတာ။ ခင်ဗျားလာတာနဲ့ အတော်ပဲ"ဟု ဆိုပါသည်။

ကျွန်တော်လည်း မိတ်ဆွေကမ်းပေးသည့် ဂျာနယ်ပါသတင်းကို ဖတ်ကြည့်လိုက်ပါသည်။ အဆိုပါသတင်းတွင်–

"သမ္မတပူတင်က ရုရှားပြည်သူများအား မိန့်ခွန်းပြောကြားရာ၌ နိုင်ငံခြားသားများအနေဖြင့် ရုရှားနိုင်ငံ အင်အားပြန်လည်တောင့်တင်းလာမှုကို ဖျက်ဆီးရန်နှင့် ရုရှားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်ရန် အားထုတ်ကြိုးပမ်းနေသည်ဟု စွပ်စွဲလိုက်ကြောင်း၊ ရုရှားပြည်တွင်းရေးကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ရန် အကြံဖြင့် ပြည်ပမှ ငွေကြေးစီးဝင်မှုများ အလွန်များပြားလာနေကြောင်း၊ ဒီမိုကရေစီ အရေခြုံထားသော အတုအယောင်ဝါဒများဖြင့် ရုရှားနိုင်ငံအား အတိတ်ကာလကကဲ့သို့ မတည်မငြိမ် ဖြစ်ရပ်များဆီသို့ ပြန်လည်တွန်းပို့လိုသူများ၊ ရုရှားနိုင်ငံ၏ ကြွယ်ဝသည့် သယံဇာတများကို လုယက်ယူငင်လိုသူများ၊ ရုရှားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုကို ကန့်သတ်ထိန်းချုပ်လိုသူများ ရှိနေသည်ဟု သတိပေးလိုက်ကြောင်း" ဖော်ပြထားသည်ကို တွေ့လိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် "သမ္မတပူတင်က မည်သည့်နိုင်ငံဟု ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကမူ အမေရိကန်သည် ရုရှားတွင် ဒီမိုကရေစီထွန်းကားရေးဟူ၍ ဗန်းပြပြီး အဖွဲ့အစည်းအချို့ကို ငွေကြေးထောက်ပံ့နေကြောင်း၊ အမေရိကန်၏ ရည်ရွယ်ချက် အစစ်အမှန်မှာ ရုရှား၏ အိမ်နီးချင်း နိုင်ငံနှစ်ခုမှာကဲ့သို့ပင် ရုရှား၌လည်း အမေရိကန်နှင့် အနောက်အုပ်စုကိုလိုလားသူများ အာဏာရရှိရေးအတွက် ဆန္ဒပြဆူပူအုံကြွမှုများ ဖြစ်ပေါ်လာအောင် လုပ်ကြံဖန်တီးရေးပင်ဖြစ်ကြောင်း မကြာမီက စွပ်စွဲပြောကြားခဲ့သည်"ဟု ဖော်ပြထားသည်ကိုလည်း ဖတ်ရှုလိုက်ရပါသည်။

အဆိုပါသတင်းကို ဖတ်ရှုအပြီးတွင် မိတ်ဆွေတစ်ဦးက ဤသို့ စကားစလိုက်ပါသည်။

"ကဲ...ဘယ်လိုလဲ၊ ရုရှားတောင် ကျွန်တော်တို့ မြန်မာနိုင်ငံလိုပဲ အမေရိကန်နဲ့အပေါင်းပါတွေရဲ့ လုပ်ကြံမှုကို ခံနေရပါကလား"

"ဟုတ်တယ်ဗျို့၊ ကျွန်တော်တို့ဆီမှာလဲ သူတို့ကြိုးဆွဲရာကမယ့် ပြည်ပအားကိုးပုဆိန်ရိုးတွေ ဖြတ်လမ်းက အာဏာရရှိရေးအတွက် ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ဆူပူအုံကြွမှုတွေဖြစ်အောင် လုပ်ကြံဖန်တီးနေကြတာ တွေ့နေရတာပဲ"

"ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေကို မျက်ခြည်မပြတ်လေ့လာဖတ်ရှု အကဲခတ်နေသူတွေအတွက်တော့ ဒီသတင်းဟာ ဘာမှ မထူးဘူးဗျို့၊ စစ်အေးကာလ တိုက်ပွဲကစပြီး ဆိုဗီယက်ယူနီယံကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲအောင် လုပ်ဆောင်ခဲ့တဲ့လက်သည်ဟာ အမေရိကန်ဆိုတာ လူတိုင်းသိနေတာပဲ"

"တချို့က အမေရိကန်ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဗန်းပြ ကြွေးကြော်ပြီး နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက် ထိုးနှက်ချက်ကြောင့်လို့ ဆိုသဗျ။ တချို့ကလဲ စစ်အေးကာလ လက်နက်အင်အား ပြိုင်ဆိုင်မှု လုပ်ရင်း စီးပွားရေးအရ မယှဉ်သာတဲ့ ဆိုဗီယက်ယူနီယံ ပြိုကွဲပျက်စီးခဲ့ရတာလို့ ဆိုကြတယ်ဗျ"

"တကယ်တော့ နိုင်ငံတစ်နိုင်ငံ ပြိုကွဲအောင် ဖြိုခွဲဖျက်ဆီးဖို့ဆိုတာ ဘယ်လွယ်မှာလဲဗျာ။ ဒါပေမယ့် အဲ့ဒီနိုင်ငံအတွင်းမှာ အမေကျော် ဒွေးတော်လွမ်းတဲ့သူတွေ၊ ပြည်ပအားကိုးပုဆိန်ရိုးတွေ ရှိနေရင်တော့ ပြည်ပက ဝင်ရောက်သပ်လျှို ဖြိုခွဲဖို့ ဘယ်မှာ ခဲယဉ်းတော့မှာလဲ"

"မှန်တာပေါ့ဗျာ၊ အဲဒီကာလတုန်းက အမေရိကန်သမ္မတလုပ်ခဲ့တဲ့ ရော်နယ်ရေဂင်က ဆိုဗီယက်ယူနီယံ ပြိုကွဲပျက်စီးသွားတာဟာ အမေရိကန်ရဲ့ စစ်အေးကာလ မဟာဗျူဟာကြောင့်လို့ လက်မထောင်ပြီး ပြောခဲ့တာ မှတ်မိနေသေးတယ်"

"ဟုတ်လား၊ အမေရိကန်ရဲ့ စစ်အေးကာလ မဟာဗျူဟာက ဘာများလဲဗျ"

"ဘာမှ ထူးထူးခြားခြားကြီးတော့ မဟုတ်ဘူးဗျို့။ ငြိမ်းချမ်းရေးနိုဘယ်ဆုဆိုတာကိုပေးပြီး အညာကို ကိုင်လိုက်တာပဲ။ အဲ့ဒီကာလတုန်းက ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သူ ဂေါ်ဘာချော့ဗ်ကို ငြိမ်းချမ်းရေးနိုဘယ်ဆုပေးခဲ့တာ ခင်ဗျားတို့ မှတ်မိကြဦးမှာပေါ့"

"မှတ်မိတာပေါ့ဗျာ၊ ဆိုဗီယက် ပြည်ထောင်စုအတွင်းက ဘောလ်တစ် နိုင်ငံသုံးနိုင်ငံက အမေရိကန်ရဲ့ပယောဂနဲ့ ခွဲထွက်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဆိုဗီယက်ပြည်သူအများစုက ပြည်ထောင်စု အပြိုကွဲမခံနိုင်ဘူးလို့ ဆန္ဒပြခဲ့ကြတယ်။ ဒါကြောင့်မို့ အဲဒီခွဲထွက်မှုကို ဂေါ်ဘာချော့ဗ်က တားဆီးနှိမ်နင်းခဲ့တယ်။ အမေရိကန်က သုံးနိုင်ငံ ခွဲထွက်မှုကို ခွင့်ပြုဖို့ ဂေါ်ဘာချော့ဗ်ကို ဖိအားပေးခဲ့တယ်။ အစပထမမှာ ဂေါ်ဘာချော့ဗ်လဲ တင်းခံနိုင်ခဲ့သေးတယ်။ ဒါပေမယ့် ၁၉၉၀ ပြည့်နှစ်မှာ ဂေါ်ဘာချော့ဗ်ကို ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှောက်လိုက်တယ်။ အဲဒီ နောက်မှာတော့ ဂေါ်ဘာချော့ဗ်လဲ တင်းမခံနိုင်တော့ဘဲ သုံးနိုင်ငံ ခွဲထွက်မှုကို အသိအမှတ်ပြုလိုက်ရတယ်။ အဲဒါကြောင့် ၁၉၉၁ ခုနှစ်အကုန်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ၁၅ စိတ်အထိကွဲပြီး ပြိုလဲသွားခဲ့ရတယ်လေ"

"ဟာ...ကျွန်တော်တို့နိုင်ငံကိုဖြိုခွဲဖို့အတွက်လဲ အဲဒီနည်းလမ်းအတိုင်း လုပ်ကြံခဲ့တာပါကလား။ သူတို့ကြိုးဆွဲရာအတိုင်း လိုက်ပါကပြ အသုံးတော်ခံမယ့် အမျိုးသမီးကို ၁၉၉၁ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့သေးတယ်နော်"

"အဲဒီ ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့တဲ့ကာလကို မှတ်မိနေသေးတယ်။ အဲဒီတုန်းက ၁၉၈၉ ခုနှစ် အာဇာနည်နေ့ကို အကြောင်းပြုပြီး တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ဖို့ မျက်ကန်းတစ္ဆေမကြောက် အမြော်အမြင်ခေါင်းပါးစွာနဲ့ ကြိုးပမ်းခဲ့တယ်။ ဗကပ ယူဂျီတွေက အဲဒီထိပ်တိုက်ရင်ဆိုင်ပွဲကို အသုံးချပြီး သွေးချောင်းစီးစေမယ့် အရေးအခင်းကြီး ထပ်မံပေါ်ပေါက်ပြီး ဖြတ်လမ်းက အာဏာရအောင်လုပ်ဖို့ အကွက်ချ စီမံထားခဲ့တာဖြစ်တယ်။ ဒါတွေကို ကြိုတင်သိရှိနေတဲ့ တပ်မတော်အစိုးရက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နိုင်ခဲ့လို့သာ တစ်ကျော့ပြန်အန္တရာယ်ဘေးက ပြည်သူတွေ ကင်းဝေးခဲ့ရတာဖြစ်တယ်"

"ဒါကြောင့်မို့ တိုင်းပြည်နဲ့လူထုအပေါ် ဘေးအန္တရာယ်ကျရောက်အောင် ထပ်မံမပြုလုပ်နိုင်ဖို့ အဲဒီအမျိုးသမီးကို နေအိမ်မှာ ကန့်သတ်ထားခြစ်ခဲ့ရတာမဟုတ်လား"

"ဟုတ်တယ်လေ၊ နိုင်ငံနဲ့လူမျိုး ငြိမ်းချမ်းသာယာဝပြောရေးအတွက် မဟုတ်ဘဲ သူနဲ့ သူ့ပါတီ ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် ပြည်သူလူထုကို စတေးတဲ့လုပ်ရပ် ကျူးလွန်ဖို့ အဲဒီလို ကြံစည်ကြိုးပမ်းခဲ့တဲ့သူကို ဘယ်လိုမှမအပ်စပ်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုပေးတယ်ဆိုတာကတော့ သိပ်ကို တရားလွန်နေပြီဗျာ"

"ခင်ဗျားကသာ သိပ်ကို တရားလွန်နေပြီလို့ပြောနေတာ၊ ပြည်ပဆရာကြီးတွေက နိုဘယ်ဆုနဲ့တင် တိုင်းဆူပြည်ဖျက် လုပ်စေဖို့ မအောင်မြင်သေးတာမို့ နောက်ထပ်ချီးမြှင့်မြှောက်စားခဲ့တဲ့ ဆုတွေက နည်းနည်းနောနောမှ မဟုတ်ဘဲ။ အခုဆို ဆုပေါင်း ၈၀ ကျော် ၉၀ နီးပါး ရှိသွားပြီလေ။ နောက်ထပ် တီထွင်ကြံဆပြီး မလူးသာမလွန့်သာဖြစ်အောင် တုပ်နှောင်ဦးမယ့်ဆုတွေ ရှိနေသေးသဗျ"

"ဟုတ်လား၊ ဒါဆို ကမ္ဘာ့ဂင်းနစ်စံချိန်ကိုတောင် ချိုးသွားပြီလို့ ဆိုရမယ်။ ကမ္ဘာပေါ်မှာ လူသားအားလုံးရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သာယာဝပြောရေးတွေအတွက် ကြိုးပမ်းအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အမြောက်အမြား သက်ရှိထင်ရှား ရှိနေကြပါတယ်ဗျာ။ အဲဒီပုဂ္ဂိုလ်ကြီးတွေတောင် ဒီအမျိုးသမီးလောက် ဆုတွေမရတာ ဘာကြောင့်လဲဗျ"

"မြန်မာနိုင်ငံမှာလဲ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဘဝတစ်သက်တာလုံး ပြောဆိုလုံးပန်းခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ ရှိခဲ့ပါတယ်ဗျာ"

"ဟုတ်တယ်ဗျ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဆိုရင် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့တာ လူသိထင်ရှားပါပဲ။ ဒါပေမယ့် ငြိမ်းချမ်းရေးနိုဘယ်ဆု မရခဲ့ရှာပါဘူး။ ဆိုဗီယက်ယူနီယံက အသိအမှတ်ပြုပြီးပေးခဲ့တဲ့ စတာလင်ငြိမ်းချမ်းရေးဆုကိုသာ ရသွားခဲ့ရှာတယ်"

"မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် တကယ်တမ်းသာပေးမယ်ဆိုရင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလတွေကတည်းက ပါဝင်လှုပ်ရှားခဲ့ပြီး ပြည်တွင်းပဋိပက္ခကြောင့် စစ်မီးတောက်လောင်ချိန်ကနေ ယနေ့ထက်တိုင် ငြိမ်းချမ်းရေးစကားကို မသွေမဖည်ဘဲ အမြဲတမ်းပြောကြား ရေးသားနေတဲ့ စာရေးဆရာ၊ ကဗျာဆရာ ဆရာဒဂုန်တာရာတို့လို ပုဂ္ဂိုလ်မျိုးကို ပေးလို့မရဘူးလားဗျာ"

"ဒါတင်ဘယ်ကမလဲ၊ ဒီအမျိုးသမီးထက် တိုင်းပြည်ရဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးကိစ္စတွေမှာ ပိုမိုသာလွန်ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံမှာ အများကြီးရှိခဲ့သလို ရှိနေဆဲလဲဖြစ်ပါတယ်။ ဒါပေမယ့် အဲ့ဒီလူတွေ ဘာဆုမျှမရဘဲ ဒီအမျိုးသမီးသာ ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ အခြားဆု အမျိုးမျိုးတွေ ရနေတာမဟုတ်လား"

"အဖြေကတော့ ရှင်းနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက ထိပ်တိုက်ရင်ဆိုင်ရေးတို့၊ အလုံးစုံ ပျက်သုဉ်းရေးတို့ဆိုတဲ့ နည်းလမ်းတွေကို ပြည်ပ ဆရာကြီးတွေအကြိုက်၊ ကိုလိုနီနယ်ချဲ့လက်သစ်အကြိုက် လိုက်မလုပ်ခဲ့လို့ပဲ"

"အဲဒီ ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့တဲ့ကာလကို မှတ်မိနေသေးတယ်။ အဲဒီတုန်းက ၁၉၈၉ ခုနှစ် အာဇာနည်နေ့ကို အကြောင်းပြုပြီး တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ဖို့ မျက်ကန်းတစ္ဆေမကြောက် အမြော်အမြင်ခေါင်းပါးစွာနဲ့ ကြိုးပမ်းခဲ့တယ်။ ဗကပ ယူဂျီတွေက အဲဒီထိပ်တိုက်ရင်ဆိုင်ပွဲကို အသုံးချပြီး သွေးချောင်းစီးစေမယ့် အရေးအခင်းကြီး ထပ်မံပေါ်ပေါက်ပြီး ဖြတ်လမ်းက အာဏာရအောင်လုပ်ဖို့ အကွက်ချ စီမံထားခဲ့တာဖြစ်တယ်။ ဒါတွေကို ကြိုတင်သိရှိနေတဲ့ တပ်မတော်အစိုးရက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နိုင်ခဲ့လို့သာ တစ်ကျော့ပြန် အန္တရာယ်ဘေးက ပြည်သူတွေ ကင်းဝေးခဲ့ရတာဖြစ်တယ်"

"ဟုတ်တယ်ဗျို့၊ ၁၉၉၁ ခုနှစ်မှာ အဲဒီအမျိုးသမီး ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရခဲ့တယ်လေ။ ၁၉၉၅ ခုနှစ်မှာ ညင်သာပျော့ပျောင်းလာမလားဆိုပြီး သူ့ကို တားမြစ်ကန့်သတ်ထားရာကနေ ရုပ်သိမ်းပေးခဲ့တယ်။ အဲဒီလို ရုပ်သိမ်းပြီးပြီးချင်း ၂၄ နာရီအတွင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အမျိုးသမီးက ဘယ်လို စကားမျိုးပြောခဲ့သလဲ သိလား"

"အမှတ်တမဲ့မို့ မသိလိုက်ဘူးဗျာ။ သူက ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ဆိုတော့ သူပြောရမယ့်စကားက ငြိမ်းချမ်းရေးစကား၊ ချစ်ကြည်ရင်းနှီးရေးစကားပဲ မဟုတ်လား"

"ဘယ်ဟုတ်လိမ့်မလဲ၊ ငြိမ်းချမ်းရေးဆိုတာ ဝေလာဝေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ပြည်ပဆရာကြီး အားကိုးနဲ့ ရာဇသံပေးခဲ့သဗျ"

"ဟာ...ပေးတဲ့ဆုနဲ့ ပြောတဲ့စကား တော်တော်အမြီးအမောက်မတည့်ပါကလား"

"ဘယ်မှာ အမြီးအမောက် တည့်ပါ့မလဲ၊ ဆုပေးတဲ့ ပြည်ပဆရာကြီးတွေကိုယ်တိုင်က သူတို့ ကြိုးဆွဲရာကမယ့် အဲဒီအမျိုးသမီးနဲ့ နောက်လိုက်တွေ ဖြတ်လမ်းက အာဏာရရှိဖို့အတွက် ဆန္ဒပြ ဆူပူအုံကြွမှုနည်းလမ်းတွေ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး နည်းလမ်းတွေသုံးဖို့ အမြဲတမ်း အခါတော်ပေး သင်တန်းတွေပေးနေမှတော့ မင်းသားခေါင်းစွပ်ပြီး အတတ်ကြူးတဲ့ဘီလူးလို ဖြစ်နေပြီပေါ့"

"ဒါနဲ့ နေပါဦးဗျာ၊ ရုရှားသမ္မတပူတင်ပြောသွားတဲ့ မိန့်ခွန်းထဲမှာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့အတွက် ပြည်ပကနေ ငွေကြေးစီးဝင်မှုတွေ အလွန်များပြားလာနေတယ်လို့ ပါတယ် မဟုတ်လား။ ဟိုတလောက ကျွန်တော်တို့ စကားဝိုင်းမှာ ပြည်တွင်းပြည်ပ အဖျက်သမားတွေကို ပြည်ပဆရာကြီးက ခေါင်းစဉ်မျိုးစုံ၊ နည်းလမ်းမျိုးစုံနဲ့ ငွေကြေးထောက်ပံ့မှုတွေ ရက်ရက်ရောရော ပေးနေတယ်လို့ ဆွေးနွေးခဲ့ကြတယ်လေ။ ဒီနေရာမှာ ပြည်ပဆရာကြီးရဲ့ လုပ်နည်းလုပ်ဟန် တူနေတာကို တွေ့ရတယ်"

"ဒါကလဲ ထူးဆန်းတဲ့ကိစ္စ မဟုတ်တော့ဘူး။ ပြည်ပဆရာကြီးအနေနဲ့ စစ်ရေးအရ ကျူးကျော်စော်ကားဖို့ အခွင့်သာရင် ငွေပုံအောပြီး ကျူးကျော်စော်ကားမယ်။ စစ်ရေးအရ ကျူးကျော်စော်ကားဖို့ အခွင့်မသာရင်လဲ ငွေပုံအောပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်မယ်။ အဲ့ဒီငွေတွေကို သံတမန်ရေးနဲ့ အခြားစည်းရုံးသိမ်းသွင်းရေး၊ ပြည်ပြေး မွေးမြူရေးစီမံကိန်းတွေမှာ အသုံးချမယ်။ အဲဒီလုပ်ရပ်တွေကို ထမင်းစားရေသောက်သလို လုပ်နေတာလေဗျာ"

"ဟုတ်တယ်ဗျ၊ ဟိုတလောက အဲဒီပြည်ပဆရာကြီးရဲ့ တာဝန်ရှိသူတစ်ဦးက သူတို့ရဲ့ရည်ရွယ်ချက် အောင်မြင်ရေးအတွက် မြန်မာနိုင်ငံမှာ စာနယ်ဇင်းသင်တန်း ဖွင့်လှစ်ထောက်ပံ့မှုတွေ၊ နိုင်ငံခြားပညာသင်ဆုတွေ၊ ဒုက္ခသည် အမည်ခံစခန်း ထောက်ပံ့မှုတွေ၊ ဘာသာရေးကိစ္စ ထောက်ပံ့မှုတွေမှာ ပံ့အောပေးနေတယ်လို့ အတိအလင်းပြောသွားတာ ကြားလိုက်ရတယ်"

"ဟိုအရင်တုန်းကတော့ အဲ့ဒီလုပ်ငန်းတွေကို CIA က ဒိုင်ခံပြီး လုပ်ခဲ့တယ်။ အခုနောက်ပိုင်းမှာ CIA ရဲ့လုပ်ရပ်ကို နိုင်ငံတကာ ပြည်သူတွေက အော့ကြောလန်နေပြီမို့ အသွင်ပြောင်း ဒီပလိုမေစီ (transformational diplomacy) ဆိုတဲ့ဝေါဟာရနဲ့ အစားထိုးပြီး သုံးလာတာ တွေ့နိုင်ပါတယ်"

"အဲဒီဝေါဟာရကို ကြားဖူးသလိုလိုတော့ရှိသား။ အကျယ်ကို ရှင်းပြပေးစမ်းပါဦး"

"ဒီလိုဗျ၊ အမေရိကန်သမ္မတဘုရှ်ရဲ့ ပထမသက်တမ်းကာလမှာ စစ်ရေးစစ်ရာတွေကို ဦးစားပေးခဲ့တယ်။ ဒုတိယသက်တမ်းကာလမှာ သံတမန်ရေးရာအခင်းအကျင်းကို ဦးစားပေးပြီး ပြုပြင်ပြောင်းလဲလာခဲ့တယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က 'ကမ္ဘာ့နိုင်ငံရေးမှာ ဖြစ်ပေါ်ပြောင်းလဲနေမှုတွေကို အမေရိကန်လိုလားတဲ့ အခြေအနေအထိရောက်အောင် ပြောင်းလဲပစ်နိုင်စွမ်းတဲ့ ရဲတင်းတဲ့ ဒီပလိုမေစီ ကျင့်သုံးသွားမှာဖြစ်တယ်'လို့ အတိအလင်း ပြောကြားထားတယ်လေဗျာ"

"ဒီပလိုမေစီဆိုတာ သံတမန်ဆက်ဆံရေးမှာ စိုသောလက်မခြောက်အောင် ကျင့်သုံးရတဲ့ နည်းလမ်းမဟုတ်လား။ အခု သူတို့ဟာက ရဲတင်းတဲ့ ဒီပလိုမေစီဆိုတော့ သံတမန်ဆက်ဆံရေးမှာ နိုင်လိုမင်းထက်လုပ်ရပ်တွေ လုပ်လာတော့မယ့် သဘောပဲဗျ"

"သေချာတာပေါ့ဗျာ၊ တတိယကမ္ဘာ့နိုင်ငံများလို့ဆိုတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားမှာ သူတို့ရဲ့ သံတမန်အခင်းအကျင်းကို တိုးချဲ့ပြီး ဒေသခံပြည်သူတွေထဲက ပြည်ပအားကိုးပုဆိန်ရိုးတွေကို ပိုမို ထိတွေ့ဆက်ဆံလေ့ကျင့်မွေးမြူဖို့၊ အဲဒီနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်မှုလမ်းကြောင်းကို အမေရိကန်လိုလားတဲ့ လမ်းကြောင်းအတိုင်း ပုံသွင်းပုံဖော်ပြီး လွှမ်းမိုးချုပ်ကိုင်ဖို့ လုပ်လာတာပဲဗျ"

"ဟာ...ဒါကြောင့်မို့ထင်တယ်၊ ကျွန်တော်တို့နိုင်ငံမှာ ဟိုစင်တာ ဒီစင်တာတွေ တိုးချဲ့ဖွင့်လှစ်လာတယ်။ ဓာတ်ပုံပြပွဲတွေ၊ စာအုပ်ပြပွဲတွေ၊ ရုပ်ရှင်ပြပွဲတွေ ပိုလုပ်လာတယ်။ နာမည်အမျိုးမျိုးနဲ့ သင်တန်းမျိုးစုံ ဖွင့်လှစ်ပို့ချနေတယ်။ အဲ့ဒီသင်တန်း တက်ရောက်သူတွေကို ပညာသင်ဆုတွေ၊ ပြည်ဝင်ခွင့်ဗီဇာ စတာတွေနဲ့ မက်လုံးပေးပြီး တပည့်မွေး၊ ဆရာမွေး လုပ်နေကြတယ်။ ဆန့်ကျင်ဘက်နိုင်ငံရေး လှုပ်ရှားသူတွေနဲ့ ဥဒဟိုဝင်ထွက်သွားလာ ဆက်သွယ်ဆက်ဆံနေကြတယ်လေ"

"ဒါတင်ဘယ်ကမလဲ၊ ရန်ကုန်မြို့မှာနဲ့တင် အားမရ မတင်းတိမ်တော့ဘူး။ မန္တလေးမှာတောင် သင်တန်းတွေသွားဖွင့်ဖို့ လှုပ်ရှားခဲ့ကြတယ်။ နယ်စပ်ဒေသတွေကိုလဲ ခြေချင်းလိမ်အောင် သွားလာပြီး ခြေရှုပ်နေတာ တွေ့ရတယ်"

"ဒါဟာ သူတို့သံတမန်တွေက ဒေသခံပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံခွင့်ကို တိုးချဲ့ရယူပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဩဇာ လွှမ်းမိုးနိုင်အောင် လုပ်နေတာပဲ ဖြစ်တယ်။ ဒါ့အပြင် အစိုးရမဟုတ်တဲ့ INGO အဖွဲ့တွေနဲ့ CIA ရဲ့ အတွေ့အကြုံနဲ့ အင်အားကို ပေါင်းစပ်ရယူပြီး သူတို့အစိုးရရဲ့ ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း ကိုယ်စားပြု လုပ်ဆောင်နေတာပဲဗျ"

"ဒါကြောင့်မို့ အဲဒီသင်တန်းအမျိုးမျိုးက လေ့ကျင့်ပို့ချပေးလိုက်တဲ့ နည်းလမ်းတွေနဲ့ ဆန္ဒပြ လှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ ခုနောက်ပိုင်းမှာ မကြာခဏ ပေါ်ပေါက်လာတာကို တွေ့နေရတာဖြစ်မယ်"

"သေချာတာပေါ့ဗျာ၊ အဲဒီလို သံတမန်ဆိုသူတွေက နည်းပေးလမ်းပြ ခိုင်းတဲ့အတိုင်း လိုက်လုပ်တဲ့သူတွေကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးပြီဆိုရင်လဲ အရှုံးဘုံမြှောက် အားပေးမှု၊ ငွေကြေးချီးမြှင့်မြှောက်စားမှုတွေနဲ့ ဘွဲ့တံဆိပ်တွေ၊ ဆုလာဘ်တွေ ချီးမြှင့်နေတာလဲ မကြားချင် မမြင်ချင် အဆုံးပါပဲဗျာ"

"ဟိုအမျိုးသမီးကို နိုဘယ်ဆုအပါအဝင် ဆုပေါင်း ၉၀ နီးပါးနဲ့ ကြိုးဆွဲရာကအောင် ချည်နှောင်ထားသလို ၈၈ မျိုးဆက် ကျောင်းသားအုပ်စုဝင်တစ်ဦးကိုလဲ ဆုပေါင်း ခြောက်ဆုအထိပေးပြီး ကကြိုးရုပ်ကြိုးရှုပ်အောင် လုပ်ထားသဗျ"

"အဲဒီ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် နောက်တစ်ဦးကိုလဲ ဒီနှစ်ထဲမှာပဲ ဆုတစ်ဆုနဲ့ စတင်ချည်နှောင်ပြီး မက်လုံးပေးထားတယ်လေ"

"၂၀၀၁ ခုနှစ်က မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြလှုံ့ဆော်မှုကြောင့် ထောင်ခုနစ်နှစ် ပြစ်ဒဏ်ကျရာကနေ ၁၈ လသာကျခံရပြီး ပြန်လွတ်သွားခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးကိုလဲ အမေရိကန်ကိုရောက်ပြီးမှ မြန်မာနိုင်ငံကိုပြန်ပြီး ဆန္ဒပြလှုံ့ဆော်မယ်လို့ တကဲကဲဟန်ရေးပြခဲ့တဲ့အတွက် သူကောင်းပြုပြီး ဆုတစ်ဆု ချီးမြှောက်ခဲ့တာ တွေ့ရတယ်"

"မြန်မာ့ရိုးရာ အစဉ်အလာအရ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်အားပေးလှူမှုကို တစ်ရွာနဲ့ တစ်ယောက် ဆန့်ကျင်ပြီး ILO ဆီ တိုင်ကြားခဲ့တဲ့ ထန်းမနိုင်ရွာက မိန်းကလေးကိုလဲ ဆုတစ်ဆုနဲ့ မြှောက်ပင့်အားပေးခဲ့တယ်လေဗျာ"

"အခုဆိုရင် အဲဒီမိန်းကလေးက NLD ပါတီကို ကိုယ်စားပြုပြီး နိုဘယ်ဆုရှင်အမျိုးသမီး လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုတွေ ဦးစီးဦးဆောင် ပြုလုပ်တော့မယ်တဲ့လေ။ အဲဒီလှုပ်ရှားမှုမှာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် NLD အဖွဲ့တွေက ငါးယောက်စီ ဝိုင်းရံပေးမယ်လို့ လေသံပစ်နေတာ ကြားနေရပြန်တယ်"

"ပြည်ပဆရာကြီးရဲ့ ကျေးတော်မျိုး၊ ကျွန်တော်မျိုးအဖြစ် ဘွဲ့တံဆိပ်နဲ့ ဆုလာဘ်တွေ မြှောက်စား ခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုကလဲ တည်ဆဲဥပဒေအရ ပြစ်ဒဏ်ကျခံနေရတဲ့ လူတချို့ကို နိုင်ငံရေးအကျဉ်းသားလို့ အမည်တပ်လှုံ့ဆော်ပြီး အဲဒီလူတွေရဲ့ မိသားစုတွေဆီ သွားရောက်အားပေး သယောင်နဲ့ တနင်္ဂနွေနေ့ အဖြူရောင်လှိုင်း လှုပ်ရှားမှုအဖြစ် နိုင်ငံရေးအမြတ်ထုတ်နေတာကိုလဲ တွေ့နေရတယ်ဗျ"

"ဒါတွေအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရင် ဒီမိုကရေစီဆိုတာကို ဗန်းပြပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ပမာမခန့် ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်ဗျာ"

"နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိနိုင်ငံရဲ့ ကိုယ်ပိုင်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်းဟာ ကျိုးကြောင်းဆီလျော်ပြီး မှန်ကန်ခိုင်မာတဲ့ အခွင့်အရေးပဲဖြစ်တယ်။ ကိုယ်ပိုင်အချုပ်အခြာအာဏာဆိုရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတွေ ပါဝင်တယ်။ ကိုယ်ပိုင် အချုပ်အခြာအာဏာ ကျင့်သုံးရာမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ဖို့က အဓိကကျတယ်"

"မှန်တာပေါ့ဗျာ၊ ဒါကြောင့်မို့ အမေရိကန်အစိုးရရဲ့ အသွင်ပြောင်း ဒီပလိုမေစီ ကျင့်သုံးစေ့ဆော်မှုကြောင့် ပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေက တစ်ဆင့် ဆက်စပ်လှုပ်ရှားလာမယ့် ဆူပူအုံကြွအကြမ်းဖက်မှုတွေကို ပြည်သူလူထုတစ်ရပ်လုံး အထူးသတိပြုကြဖို့၊ သက်ဆိုင်ရာနဲ့အတူ ပူးပေါင်းပါဝင်ပြီး ဆက်လက်ဆန့်ကျင် တားဆီးတိုက်ဖျက်သွားကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ကြရအောင်"။ ။

"ဒါနဲ့ နေပါဦးဗျာ၊ ရုရှားသမ္မတပူတင်ပြောသွားတဲ့ မိန့်ခွန်းထဲမှာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့အတွက် ပြည်ပကနေ ငွေကြေးစီးဝင်မှုတွေ အလွန်များပြားလာနေတယ်လို့ ပါတယ်မဟုတ်လား။ ဟိုတလောက ကျွန်တော်တို့ စကားဝိုင်းမှာ ပြည်တွင်းပြည်ပ အဖျက်သမားတွေကို ပြည်ပဆရာကြီးက ခေါင်းစဉ်မျိုးစုံ၊ နည်းလမ်းမျိုးစုံနဲ့ ငွေကြေးထောက်ပံ့မှုတွေ ရက်ရက်ရောရောပေးနေတယ်လို့ ဆွေးနွေးခဲ့ကြတယ်လေ။ ဒီနေရာမှာ ပြည်ပဆရာကြီး ရဲ့ လုပ်နည်းလုပ်ဟန် တူနေတာကို တွေ့ရတယ်"

"တကယ်တော့ နိုင်ငံတစ်နိုင်ငံ ပြိုကွဲအောင် ဖြိုခွဲဖျက်ဆီးဖို့ဆိုတာ ဘယ်လွယ်မှာလဲဗျာ။ ဒါပေမယ့် အဲဒီ နိုင်ငံအတွင်းမှာ အမေကျော်ခွေးတော် လွမ်းတဲ့သူတွေ၊ ပြည်ပအားကိုးပုဆိန်ရိုး တွေ ရှိနေရင်တော့ ပြည်ပက ဝင် ရောက်သပ်လျှိုဖြိုခွဲဖို့ ဘယ်မှာခဲယဉ်း တော့မှာလဲ"

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီ၏လုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် မှန်ကန်၊ ထိရောက်၊ အကျိုးရှိသော လုပ်ဆောင်မှုများ မဟုတ်သည်ကို တွေ့မြင်ရ အိမ်မဲနှင့် မြောင်မြို့နယ်တို့မှ ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် မေ ၁၀

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကြည်အေးနှင့် ဦးတင်လှိုင်တို့နှစ်ဦးသည် မတ် ၂၆ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် မြစ်သားကျေးရွာနေ ဦးသစ်သည် ဧပြီ ၄ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

အိမ်မဲမြို့နယ်နှင့် မြောင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ ပါတီ၏ လုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် မှန်ကန်၊ ထိရောက်၊ အကျိုးရှိသော လုပ်ဆောင်မှုများ မဟုတ်သည်ကို တွေ့မြင်လာရခြင်း၊ NLD ပါတီတွင် ဆက်လက် ပါဝင်ဆောင်ရွက်လိုမှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

စင်ကာပူနှင့် ယူကရိန်း
လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု ဆွေးနွေး

စင်ကာပူ မေ ၁၀

စင်ကာပူနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် နှစ်နိုင်ငံအကြား လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု(အက်ဖ်တီအေ) ရရှိရန် စတင်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း စင်ကာပူ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက မေ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမည့်အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား ပိုမိုယုံကြည်မှုရှိလာစေရန် အထောက်အကူပြုသွားမည် ဖြစ်သည်။

ပါဝင်မည်

ကုန်စည်နှင့် ဝန်ဆောင်မှုအတွက် ကုန်သွယ်ရေးဆိုင်ရာစည်းမျဉ်း၊စည်းကမ်းများအား လျှော့ချပေးသွားရန်နှင့် နည်းပညာဆိုင်ရာ မူပိုင်ခွင့်များ ကာကွယ်ရေး သဘောတူညီမှုများလည်း လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုတွင် ပါဝင်မည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က ယူကရိန်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ကုန်သွယ်မှုမှာ စင်ကာပူဒေါ်လာ ၇၇၄ သန်း ရှိခဲ့သည်။

ကုန်သွယ်ဖက်

ယူကရိန်းနိုင်ငံသည် စင်ကာပူနိုင်ငံ၏ ၅၅ခုမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ပြည်ပသို့ တင်ပို့ရောင်းချမည့် သစ်များကို မေ ၉ရက်က တွေ့ရစဉ်။

(အဆိုပါ သစ်များအား ဥရောပနိုင်ငံများသို့ အဓိက တင်ပို့ကြောင်း သိရသည်)။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အင်အား အသင့်အတင့်ရှိ ငလျင်လှုပ်

တိုကျို မေ ၁၀

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၈ ရက်က အင်အား ၄ဒသမ ၄အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားခဲ့ရာ အဆောက်အအုံများ အနည်းငယ် တုန်လှုပ်သွားခဲ့သည်။

ပြောကြား

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများလည်း မရှိကြောင်းနှင့် ဆူနာမီ သတိပေးချက်များလည်း ထွက်ပေါ်လာခြင်းမရှိကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဗဟိုပြု

အဆိုပါငလျင်သည် တိုကျိုမြို့ မြောက်ဘက် အိုင်ဘာရာကီဒေသ၊ မြေအောက် ကီလိုမီတာ ၅၀ ကို ဗဟိုပြု လှုပ်သွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရ

ပြီးခဲ့သည့် မတ်လက ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် လှုပ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် တစ်ဦးသေဆုံးပြီး ၂၀၀ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ပါဝင်

ကမ္ဘာပေါ်တွင် ငလျင်အများဆုံး လှုပ်ရာနိုင်ငံများတွင် ဂျပန်နိုင်ငံသည်လည်း တစ်နိုင်ငံအဖြစ် ပါဝင်သည်။

ခံစား

ဂျပန်နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် နှစ်စဉ်နှစ်တိုင်း ငလျင်ဒဏ် အကြိမ် ၂၀၀၀ ကျော်ကို ခံစားကြရကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဓာတ်ငွေ့ပိုက်လိုင်း

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကို မေ ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတွင် ကားအများဆုံး ထုတ်လုပ်သည့်နိုင်ငံ ၁၉၉၃ ခုနှစ်နောက်ပိုင်း ဂျပန် ဖြစ်လာ

တိုကျို မေ ၁၀

ဂျပန်နိုင်ငံသည် ၁၉၉၃ခုနှစ်နောက်ပိုင်း ကမ္ဘာတွင် ကားအများဆုံး ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာကြောင်း ကျိုဒိုသတင်းဌာနက စက်မှုအဖွဲ့အစည်းတစ်ခု၏ လေ့လာဆန်းစစ်ချက်ကို ကိုးကားလျက် မေ ၇ ရက်က ဖော်ပြ သည်။

ထုတ်လုပ်နိုင်

ယမန်နှစ်က ဂျပန်နိုင်ငံသည် ကားစီးရေ စုစုပေါင်း ၁၁ ဒသမ ၄၈သန်း ထုတ်လုပ်နိုင်ခဲ့သည်။ သို့ရာတွင် ၂၀၀၆ခုနှစ်အတွင်း အမေရိကန်နိုင်ငံသည် ကားစီးရေ ၁၁ ဒသမ ၂၆ သန်း သာထုတ်လုပ်နိုင်ခဲ့သဖြင့် ထုတ်လုပ်မှု ၅ဒသမ ၇ရာခိုင်နှုန်း ကျဆင်းသွားကြောင်း နိုင်ငံတကာ ကားထုတ်လုပ်သူများအဖွဲ့၏ စာရင်း ဇယားတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စည်းကမ်းမဲ့တံတွေးထွေးသူ ၈၉ဦးအား ပေကျင်းမြို့၌ ဒဏ်ငွေရိုက်

ပေကျင်း မေ ၁၀

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အိုလံပစ်အားကစားပွဲတော်အကြို နိုင်ငံသားများ စည်းကမ်းကောင်းမွန်ရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် သီတင်းတစ်ပတ်ကြာ အလုပ်သမားနေ့ကာလအတွင်း လမ်းဘေး စည်းကမ်းမဲ့ တံတွေးထွေးသူ ၈၉ဦးအား ဒေသအာဏာပိုင်များက ဒဏ်ရိုက်ခဲ့သည်။

ယင်းတို့အား ဒဏ်ငွေအဖြစ် ယွမ်၂၀မှ ၅၀အထိ သတ်မှတ်ဒဏ်ရိုက်ကြောင်း မြို့တော်စီမံခန့်ခွဲရေးဦးစီးဌာနက မေ၈ရက်တွင် ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကန်တပ်ဖွဲ့ဝင်တစ်ဦး ဆိုးလ်၌ ထောင်ချ

ဆိုးလ် မေ ၁၀

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တောင်ကိုရီးယား တက္ကစီယာဉ်မောင်းတစ်ဦးကို တိကျသော အကြောင်းပြချက်မရှိဘဲ ထိခိုက်နာကျင်အောင် ပြုလုပ်ခဲ့သဖြင့် မေ ၈ ရက်က ထောင်ဒဏ်ရှစ်လ စီရင်ချက်ချမှတ် လိုက်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်း အေဂျင်စီက ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်း မော်တာကျည်ဆန်များ ကျရောက် ငါးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၀

ဘဂ္ဂဒက်တောင်ပိုင်းရှိ လူနေအိမ်တစ်လုံးပေါ်သို့ မေ၈ရက်က မော်တာကျည်ဆန်များ ထိမှန်ခဲ့၍ လူငါးဦးသေဆုံးပြီး အခြား နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အီရတ် ပြည်ထဲရေးသတင်းရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါ မော်တာကျည်ဆန်များသည် ဘဂ္ဂဒက်တောင်ပိုင်း ဆာဒီရပ်ဒေသရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်ဟု ၎င်းသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မေ ၉ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။ (အောက်ပုံ)

အဆိုပါ လမ်းဘေးဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့တောင်ဘက် ၁၈မိုင်ခန့်အကွာရှိ ဆလမ်ပက် အရပ်တွင် အမေရိကန် စစ်ယာဉ်တန်းကို လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ထိုသို့ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခြင်းကြောင့် အသက်(၂၅)နှစ်အရွယ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများ တိုးမြင့် ဖြစ်ပွားလာလျက်ရှိရာ အီရတ်နိုင်ငံ အာဘေးမြို့တွင် မေ၉ရက်က ကားဗုံးခွဲ တိုက်ခိုက်ခဲ့မှုကြောင့် အီရတ်တို့ သေဆုံးမှု အရေအတွက်မှာ၁၄ဦးအထိ ရှိပြီး ဒဏ်ရာရရှိသူမှာလည်း ၈၇ဦးအထိ ရှိလာကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အင်ဂိုလာနှင့်ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံများသို့ ဇင်ဘာဘွေလေကြောင်းလိုင်း ခရီးစဉ်သစ်များပျံသန်းမည်

ဟာရာရေး မေ ၁၀

ဒေသအတွင်းလေကြောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းရေးနှင့် မိတ်ဆွေဖက်နိုင်ငံများနှင့်လည်း လေကြောင်းခရီးစဉ်များ ပိုမိုဖြစ်ပေါ်စေရေးအတွက် ဇင်ဘာဘွေလေကြောင်းလိုင်းက လူအန်ဒါနှင့်ကင်ရှာဆာမြို့များသို့ လေကြောင်းခရီးစဉ်သစ်များကို မေ ၉ ရက်က စတင်လိုက်ပြီဖြစ်သည်။

ထို့အပြင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ဇင်ဘာဘွေ၊ အင်ဂိုလာနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံတို့၏ လေကြောင်းလိုင်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် အစိတ်အပိုင်းတစ်ရပ်အဖြစ် ယခုကဲ့သို့ လေယာဉ်ခရီးစဉ်များ ပျံသန်းခြင်းလည်း ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံပိုင် လေကြောင်းလိုင်းသည် ဒေသအတွင်း ခရီးစဉ်များအပြင် အခြားကမ္ဘာ့နိုင်ငံများသို့လည်း လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းသွားမည်ဖြစ်သည်။

ထိုသို့ လေယာဉ်ခရီးစဉ်သစ်များ ပျံသန်းခြင်းဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နီပေါ၌ ပိုလီယိုရောဂါ တိုက်ဖျက်ရေးဆောင်ရွက်မည်

ခတ္တမန္ဒူ မေ ၁၀

နီပေါနိုင်ငံ၏ ခရိုင် ၁၇ ခုကျော်တွင် ဇွန်လ ၂ ရက်နှင့် ၃ ရက်၌ ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် နှစ်ရက်ကြာ အစီအစဉ်တစ်ရပ်ကို နီပေါနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း နီပေါနိုင်ငံရှိ ကလေးငယ်များ ကျန်းမာရေးဌာန(စီအိတ်ချ်ဒီ) ညွှန်ကြားရေးမှူး ယိုဆိုဗာဒန်ပရာဟန်က မေ ၈ ရက်၌ ပြောကြားသည်။

နီပေါနိုင်ငံတွင် အစောပိုင်းကာလကလည်း အိန္ဒိယနိုင်ငံ နယ်စပ်ဒေများဖြစ်သော ခရိုင်ခြောက်ခရိုင်တွင် ပိုလီယိုရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နီပေါနိုင်ငံ ခရိုင် ၁၇ ခုတွင် ကျန်းမာရေး ဝန်ထမ်းများက ကလေးငယ်များ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးကြရန် တစ်အိမ်တက်ဆင်း စည်းရုံးဆော်ဩမည်ဖြစ်ပြီး နောက်ရက်တွင် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံတောင်ပိုင်း ဖူကျန်မြို့ရှိ ဖူကျို့ငါးပြတိုက်အတွင်း ရေအောက်၌ ခရီးသွားများ အပျော်တမ်းဂေါက်ရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည်ကို မေ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ခရီးသည်နှင့် ကုန်ပစ္စည်းများအတွက် ရေကြောင်းခရီးစဉ် ဗီယက်နမ် အစိုးရခွင့်ပြု

ဟန္ဖိုင်း မေ ၁၀

ဗီယက်နမ်အစိုးရသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုက ခရီးသည်များအတွက် ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းရေပြင်တွင် တောင်နှင့်မြောက် ခရီးစဉ်လမ်းကြောင်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရေးစီမံကိန်းတစ်ရပ်ကို ခွင့်ပြုလိုက်ကြောင်း ဗီယက်နမ်ပြည်တွင်းသတင်းစာ ပိုင်အိုးနီးယားက မေ ၈ ရက်၌ ဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည့် အဆိုပါလုပ်ငန်းအတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းက ခရီးသည်နှင့် ကုန်တင်သင်္ဘောခြောက်စီးကို ထုထောင်သွားမည်ဖြစ်သည်။

သယ်ယူပို့ဆောင်

အဆိုပါသင်္ဘောများဖြင့် နေ့စဉ်ခရီးသည် ၃၀၀၀၊ မော်တော်ယာဉ်အစီး ၁၀၀၀နှင့် ကုန်တင်ယာဉ်အစီး ၅၀၀ တို့ကို နေ့စဉ်တင်ဆောင်လျက် သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းအနေဖြင့် ယခုရေလမ်းခရီးစဉ်တွင် ဆိပ်ကမ်းသုံးခု တည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းဆိပ်ကမ်းများမှာ ဟိုချီမင်းမြို့တောင်ပိုင်းတွင် တစ်ခု၊ သွာသိန်ဟွေပြည်နယ်အလယ်ပိုင်းတွင် တစ်ခုနှင့် ကျန်နန်ပြည်နယ် မြောက်ပိုင်းတွင် တစ်ခု တည်ဆောက်သွားမည် ဖြစ်သည်။

အကောင်အထည်ဖော်

ယခုတာဝန်ယူဆောင်ရွက်မည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းဖြစ်သည့် ဗီနာရှင်းအနေဖြင့် ယခုအချိန်မှ ၂၀၁၀ ပြည့်နှစ်အထိ အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆော်ဒီအာရေဗျတွင် မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ထိုင်းနှစ်ဦး ဖမ်းဆီးခံရ

ရီယာ့ဒ် မေ ၁၀

မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံသားနှစ်ဦးကို ဆော်ဒီအာရေဗျနိုင်ငံက မေ ၇ ရက်၌ ဖမ်းဆီးခဲ့ကြောင်းသိရသည်။

အားကစား အသုံးအဆောင်ပစ္စည်းများနှင့်အတူ လျှို့ဝှက်ပေးပို့လိုက်သော ဆေးခြောက်များကို အဆိုပါ ထိုင်းအမျိုးသားနှစ်ဦးထံမှ သိမ်းဆည်းရမိခဲ့သည်ဟု ဆော်ဒီအာရေဗျနိုင်ငံ၏ အက်စ်ပီအေသတင်းဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုနှစ်၌ မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် ဖမ်းဆီးခဲ့သူမှာ ၅၁ဦးရှိကြောင်းသိရသည်။ ယခုဖမ်းဆီးလိုက်သော ထိုင်းနိုင်ငံသားနှစ်ဦးကို ဆော်ဒီအာရေဗျနိုင်ငံအရှေ့ပိုင်း ဒမ်မင်မြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ခေါက်ဆွဲ

ကမ္ဘာ့အရှည်ဆုံး ခေါက်ဆွဲ ပြုလုပ် ထားသည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကွမ်စီကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကွေ့လန်းမြို့တွင် ပြုလုပ်ထားသော ခေါက်ဆွဲမှာ အရှည်မီတာ ၃၀၀ ရှည်လျားသဖြင့် ကမ္ဘာပေါ်၌ အရှည်ဆုံး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အိန္ဒိယ ခေါင်းချင်းဆက်အမြွှာ

အိန္ဒိယနိုင်ငံမှ ခေါင်းချင်းဆက်အမြွှာ ညီအစ်မနှစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့မှ လေးနှစ်အရွယ်ရှိပြီ ဖြစ်သော ဦးခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦးသည် ခွဲစိတ်ကုသမှု ခံယူရန်အတွက် ပြင်ဆင်နေပြီ ဖြစ်ရာ ယခုအခါ ၎င်းတို့၏ မိဘများက ခွဲစိတ်ကုသမည့် ဆေးရုံကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်လက်နက်ကိုင်များအား ထောက်ခံသည်ဆိုမှု ဆီးရီးယားငြင်းဆို အမေရိကန်စစ်ရေး မအောင်မြင်မှု အာရုံလွှဲခြင်းဖြစ်

ဝါရှင်တန် မေ ၁၀

အီရတ်နိုင်ငံအတွင်း လက်နက်ကိုင်တို့၏ တိုက်ခိုက်မှုများကို ဆီးရီးယားက ထောက်ခံ အားပေးနေသည်ဆိုသော အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်များမှာ မဟုတ်မှန်ကြောင်းဖြင့် ဆီးရီးယားသမ္မတ အာဆက်က မေ ၇ ရက်တွင် ငြင်းပယ်လိုက်သည်။

ပြောကြား

အမေရိကန်သည် ဓားစာခံရှာရန် ကြိုးပမ်းနေသည်ဟုလည်း ဆီးရီးယားသမ္မတ အာဆက်က ပြောကြားလိုက်သည်။

ကြိုးပမ်း

ထို့ပြင် အီရတ်နိုင်ငံအတွင်း အမေရိကန်တို့ စစ်ရေးအရ မအောင်မြင်မှုကို အာရုံပြောင်းသွားစေရန် အမေရိကန်တို့က ကြိုးပမ်းခြင်းလည်း ဖြစ်ကြောင်း သမ္မတအာဆက်က ထောက်ပြသည်။

တွေ့ဆုံ

မည်သို့ပင်ဆိုစေ အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တက်ရောက်သည့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးကွန်ဒိုလီဇာရိုက်စ်သည် ညီလာခံရပ်နားစဉ် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မူအာလင်အား မေ ၅ ရက်က တွေ့ဆုံခြင်းမှာ အမေရိကန်နိုင်ငံ၏ သဘောထား ရပ်တည်ချက် ပြောင်းလဲသည့် လက္ခဏာဖြစ်သည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ နှစ်နှစ်အတွင်း ပထမဆုံး တွေ့ဆုံခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား အားကစား

လာမည့်နှစ် ပရီမီယာလိဂ်အတွက် အာဆင်နယ်

ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၁၀

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီပွဲစဉ်များ ပြီးဆုံးတော့မည်ဖြစ်ရာ နောက်ဆုံးလက်ကျန်ပွဲများကို အသင်းတိုင်း ကစားနေကြပြီဖြစ်သည်။ ယခုနှစ်၌ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများတွင် ဖလားလက်မဲ့ဖြစ်ခဲ့ရသည့်အသင်းမှာ အာဆင်နယ်ပင်ဖြစ်သည်။

ရည်မှန်းချက်များရှိ

ပရီမီယာလိဂ် ထိပ်တန်းအသင်းများဖြစ်သည့် မန်ယူသည် ယခုနှစ်၌ ပရီမီယာလိဂ်ဖလား ရရှိခဲ့ပြီး အက်ဖ်အေဖလားအတွက်လည်း နောက်ဆုံးဗိုလ်လုပွဲရောက်နေရာ ဖလားမျှော်မှန်းနိုင်နေပြီဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးကလည်း လက်ရှိကားလင်းဖလားတစ်လုံး လက်ဝယ်ပိုင်ဆိုင်ထားပြီး အက်ဖ်အေဖလား ရယူရေးအတွက် မျှော်လင့်နိုင်သည့် အနေအထားရှိသည်။ လီဗာပူးတို့ကလည်း ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ရေးအတွက် အိပ်မက်များ အကောင်အထည်ပေါ်လုနေပြီဖြစ်ရာ ပရီမီယာလိဂ် အသင်းကြီးတိုင်း ဖလားကိုယ်စီရည်မှန်းချက်များ ရှိနေကြသည်။

ထိုသို့သော အခြေအနေတွင် အာဆင်နယ်အတွက် လက်ရှိဘောလုံးရာသီ၌ ဖလားလက်မဲ့ ဖြတ်သန်းနေရလျက်ရှိရာ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးအတွက် ကြီးမားသော ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

သို့သော်လည်း အာဆင်နယ်အတွက် ဆုဖလားတို့ထက် တန်ဖိုးရှိသော အကျိုးအမြတ်များ ရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယင်းမှာ အာဆင်နယ်၏ လူငယ်ဘောလုံးသမားလေးများကို ပွဲများများထုတ်သုံးနိုင်ခဲ့ပြီး နောက်နှစ် ဘောလုံးရာသီအတွက် အကောင်းဆုံး ပြင်ဆင်လေ့ကျင့်မှုကို ပေးစွမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကစားစေခဲ့

အာဆင်နယ်တွင် ဖာဘရီဂတ်စ်၊ ဒီနယ်လ်ဆင်၊ ရန်ဒယ်နှင့် ဆမ်ပဆွန်တို့က ကွင်းလယ်ကို ကောင်းကောင်းထိန်းချုပ်နိုင်အောင် အရည်အသွေးတက်လာခဲ့ပြီး ဆန်းဒရို့စ်၊ ဂျိုဟန်၊ ဟောတေးနှင့် ဂါရီတို့ကလည်း ခံစစ်ကြောင်း သိပ်သည်းခိုင်မာအောင် မည်သို့ကစားရမည်ကို အာစင်ဝင်းဂါးက ကောင်းစွာသွန်သင်ပြသနိုင်ခဲ့ပြီး လက်တွေ့ပွဲပေါင်းများစွာ ကစားစေခဲ့သည်။

ထို့အတူ တိုက်စစ်တွင် ဝေါကော့တ်ကိုလည်း တစ်ပွဲထက်တစ်ပွဲ ခြေတက်အောင် ကစားစေခဲ့မှုကြောင့် တိုက်စစ်စွမ်းရည် ထက်မြက်ရေးကို အာစင်ဝင်းဂါး ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် အာဆင်နယ်၏ လူငယ်ကစားသမားများသည် ယခုနှစ် ပရီမီယာလိဂ်ရာသီ၌ အတွေ့အကြုံ ကောင်းကောင်းရရှိခဲ့ပြီး ကိုယ်ပိုင်အရည်အသွေး မြင့်တက်အောင် ကြိုးစားနိုင်ခဲ့ကြသည်။



အာစင်ဝင်းဂါး

လာမည့်နှစ် ဘောလုံးရာသီတွင် အာစင်ဝင်းဂါး ဤသို့ ပရီမီယာလိဂ် ဖလားကို ကိုင်မြှောက်နိုင်မည်လော။

(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ် ပရီမီယာလိဂ်၌ အာဆင်နယ်အသင်း၏ ဖြတ်သန်းမှုကို ကြည့်လျှင် အိမ်ကွင်း၌ တစ်ပွဲသာရှုံးခဲ့ပြီး အဝေးကွင်း၌ ခုနစ်ပွဲရှုံးခဲ့ရာ စုစုပေါင်း ရှစ်ပွဲရှုံးခဲ့သည်။ လူငယ်ကစားသမားများအနေဖြင့် အိမ်ကွင်းတွင် ခြေစွမ်းပြနိုင်သော်လည်း အဝေးကွင်း၌ အနည်းငယ်ရှိန်နေရာ နောက်နှစ် ဘောလုံးရာသီ၌ ယင်းခံစားမှုဖြစ်ရပ်မျိုး ပေါ်ပေါက်လာမည်မဟုတ်ချေ။

ယခုနှစ် ပရီမီယာလိဂ်သရဖူ ရရှိသွားသည့် မန်ယူနှင့်ယှဉ်လျှင် မန်ယူတို့က အိမ်ကွင်း၌ တစ်ပွဲရှုံးခဲ့သလို အာဆင်နယ်ကလည်း အိမ်ကွင်းတွင် တစ်ပွဲသာရှုံးသဖြင့် တူညီခဲ့သော်လည်း အဝေးကွင်း၌ မန်ယူတို့က သုံးပွဲသာရှုံးခဲ့ပြီး အာဆင်နယ်တို့က ခုနစ်ပွဲရှုံးခဲ့သည်။ ထိုခုနစ်ပွဲ၌ လူငယ်လေးများကို ထည့်သုံးခဲ့သည့်ပွဲက ငါးပွဲရှိခဲ့သည်ဖြစ်ရာ ပွဲရလဒ်မကောင်းခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။

ဂိုးမပြတ်

အာဆင်နယ်၏ လူငယ်ကစားသမားများအနေဖြင့် ပြိုင်ဘက်များကို ရှုံးနိမ့်ခဲ့သည့်ပွဲများအနက် လီဗာပူးကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရသည့်ပွဲမှာ ဂိုးအပြတ်ဆုံးဖြစ်ခဲ့ရပြီး ကျန်ပွဲများမှာ ဂိုးမပြတ်ခဲ့ချေ။ ထို့အတူ ခြေစွမ်းအပြနိုင်ဆုံးပွဲများမှာ အိမ်ကွင်း၌ ဘလက်ဘန်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူခဲ့သည့်ပွဲနှင့် ရက်ဒင်းကို လေးဂိုးပြတ် အနိုင်ယူခဲ့သည့်ပွဲများဖြစ်သည်။

အာဆင်နယ်အတွက် ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ အက်ဖ်အေဖလားလေးကြိမ် ရယူပေးနိုင်ခဲ့သော အာစင်ဝင်းဂါးသည် လာမည့်ပရီမီယာလိဂ်၌ အာဆင်နယ်ကို ဆုဖလားရရှိအောင် အကောင်းဆုံး ကြိုးစားအားထုတ်မှုအဖြစ် အရင်းအနှီးပြုခဲ့ပြီဖြစ်သည်။

အနေအထား

ယခုနှစ် ပရီမီယာလိဂ်ဖလားအတွက် အဆုံးအဖြတ် ပွဲစဉ်တစ်ခုဖြစ်သော အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် အာဆင်နယ် ချာတိတ်များက ချယ်လ်ဆီးကို ကစားကွက်အတိုလေးများဖြင့် ပညာပေးကာ သရေပွဲကစားခဲ့သည့် ပွဲအပြီး မော်ရင်ဟိုက **"နောင်နှစ်မှာ အာဆင်နယ်ကို အနိုင်ယူဖို့ ခက်ခဲသွားပြီ"** ဟု ဝန်ခံစကားဆိုခဲ့ရသည် ဖြစ်ရာ အာဆင်နယ်သည် နောက်နှစ် ပရီမီယာလိဂ်ဖလားရယူရန် အကောင်းဆုံး အနေအထားရှိနေပြီ ဖြစ်ပါကြောင်း။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **တောင်အာဖရိကနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားကျင်းပရန် ဖီဖာဥက္ကဋ္ဌ ဆပ်ဘတ္တလာက မေ ၉ ရက်၌ ထပ်မံအတည်ပြုပြောကြားလိုက်သည်။**

* ဒဏ်ရာရထားသော ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် မန်ယူနှင့်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် အချိန်မီ ပြန်ကစားမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားလိုက်သည်။

* **မာဆေးကွင်းလယ်ကစားသမား ဖရန့်ရစ်ဘရီက ၎င်းအနေဖြင့် ဥရောပရှိ အင်္ဂလန်၊ စပိန်ကဲ့သို့သော အသင်းကြီးများသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

(အင်တာနက်)

ပရီမီယာလိဂ် လက်ကျန်ပွဲ ဆက်လက်ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် ချန်ပီယံမန်ယူတို့ ဂိုးမရှိသရေကျ

လန်ဒန် မေ ၁၀

ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ မေ ၁၀ရက်က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေပွဲဖြစ်သွားခဲ့သည်။

ချယ်လ်ဆီးနှင့် မန်ယူတို့၏ ယခုပွဲရလဒ်သည် ပရီမီယာလိဂ် ဖလားအတွက် မည်သို့မျှ အကျိုးသက်ရောက်မှု မရှိသော်လည်း အင်တိုက်အားတိုက် ကစားသွားခဲ့ကြသည်။

ပါဝင်ကစား

ချယ်လ်ဆီးတွင် အက်ဆီယန်၊ ရိုက်ဖီးလစ်၊ မက်ခ်ီလီလီနှင့် တယ်ရီ စသည့် အမာခံဘောလုံးသမားအချို့သာ ထုတ်သုံးခဲ့သလို တိုက်စစ်တွင် ကာလူးနှင့် ဆင့်ကလဲယားတို့ကို ကစားစေခဲ့သည်။

မန်ယူကလည်း ဗန်ဒါဆား၊ဖာဒီနန်၊ဂစ်စ်၊ပေါလ်စခိုးလ်နှင့် စီရိုနယ်ဒိုတို့မပါဘဲ ဆိုးလ်ရှား၊ စမစ်၊ ဖလက်ချာ၊ ရစ်ချက်ဆန် စသည်တို့ ကစားစေခဲ့သလို တိုက်စစ်မှူး ရွန်နေကိုလည်း ဒုတိယပိုင်းပွဲချိန် ၇၃ မိနစ် ရောက်မှသာ ထုတ်သုံးခဲ့သည်။

ချယ်လ်ဆီးတို့က ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဂိုးအဖြစ်မဖန်တီးနိုင်ခဲ့ချေ။ ထို့အတူ မန်ယူအသင်းကလည်း အားထည့်ကစားရာ ဟိန့်ဇ်၊ ဘရောင်း၊ အီးဂဲလ်တို့ အဝါကတ်များ အထိခံခဲ့ရသလို ချယ်လ်ဆီးမှ မီခေးလ်၊ ဒိုင်ယာယာနှင့် အက်ဆီယန်တို့လည်း အဝါကတ် အပြခံခဲ့ရသည်။

သရေပွဲဖြစ်

ချယ်လ်ဆီးတို့က ၄၆ မိနစ်တွင် မီခေးလ်အစား ဂျိုကိုးလ် ထည့်သွင်းကစားခဲ့သလို မန်ယူကလည်း ၆၅ မိနစ်တွင် ဟိန့်ဇ်အစား ကာရစ်ကို အစားထိုးကစားခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲကျကာ တစ်မှတ်စီသာ ရခဲ့ကြသည်။

(အင်တာနက်)

မန်ယူမှ တရုတ်ကစားသမား ဒေါင်ဖန်ဇူး၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင် နယူးကာဆယ်နည်းပြလုပ်ရန် စိတ်ဝင်စား

စုစည်းတင်ပြသူ မြင့်မောင်စိုး

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၁၀

လစ်လပ်လျက်ရှိသော နယူးကာဆယ်အသင်း၏ မန်နေဂျာရာထူးနေရာအတွက် အင်္ဂလန်အသင်း နည်းပြဟောင်း အဲရစ်ဆင်က စိတ်ဝင်စားကြောင်း ၎င်း၏အေးဂျင့်က ပြောကြားလိုက်သည်။

ရေပန်းစား

အဲရစ်ဆင်သည် အဆိုပါအသင်း နည်းပြဖြစ်လာရန် ထိပ်တန်းဦးစားပေး ရွေးချယ်ခံရသူ ဖြစ်လာနိုင်သည်။ ထို့အတူ ဘော်လ်တန်အသင်းနည်းပြဟောင်း ဆမ်အယ်လ်လာဒိုက်သည်လည်း နယူးကာဆယ်အသင်း နည်းပြဖြစ်လာရန် ရေပန်းစားနေသည်။

အသင်းကြီး

နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ်တွင် အသင်းကြီးတစ်သင်း ဖြစ်နေဆဲဖြစ်ကြောင်း၊ ပရိသတ်ထောက်ခံအားပေးမှုမှာလည်း များပြားကြောင်း အဆိုပါ အဲရစ်ဆင်၏အေးဂျင့်က ပြောကြားသည်။

ဂလင်းရိုဒါသည် လွန်ခဲ့သောသီတင်းပတ်က နယူးကာဆယ်အသင်း မန်နေဂျာအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီး အယ်လ်လာဒိုက်အား အစားထိုးခန့်ထားရန် နယူးကာဆယ်က သဘောတူညီထားပြီဖြစ်သည်။

ဆွီဒင်သား အဲရစ်ဆင်သည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားအပြီး အင်္ဂလန်နည်းပြအဖြစ်မှ အနားယူခဲ့ပြီးနောက် ဘောလုံးအသင်းမန်နေဂျာအလုပ်မှ အနားယူလျက်ရှိသည်။

(အင်တာနက်)

ကမ္ဘာ့နံပါတ်(၁) ဂျူစတင်ဟီနင် ဂျာမန်အိုးပင်းအဖွင့်၌အနိုင်ရ

ဂျူစတင်ဟီနင်၏ တင်းနစ်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလင် မေ ၁၀

ဘယ်လ်ဂျီယံမှ ကမ္ဘာ့နံပါတ်(၁) တင်းနစ်အားကစားမယ် ဂျူစတင်ဟီနင်သည် ဂျာမန်အိုးပင်းတင်းနစ် အဖွင့်ပြိုင်ပွဲတွင် ဂျာမန်သူ တက်ဂျာနာမာလက်ကို ၆-၁၊ ၆-၁ဖြင့် လက်စွမ်းပြကစားပြီး အနိုင်ယူလိုက်သည်။

အဆိုပါ ဘယ်လ်ဂျီယံတင်းနစ်မယ်သည် လွန်ခဲ့သောသီတင်းပတ်က ဝါဆော ချန်ပီယံပြိုင်ပွဲတွင်လည်း ဆုဖလားပူပူနွေးနွေး ဆွတ်ခူးရရှိထားသည်။

သူမသည် ယခုအခါ တင်းနစ်ကစားသမားဘဝတစ်လျှောက်လုံး ဖလား၃၄လုံး ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအပြီး ကမ္ဘာ့နံပါတ်(၁)နေရာကို ရုရှားမှ ရှာရာပိုဗာထံမှ လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခုနှစ်အတွင်း ဖလားသုံးလုံး ဆွတ်ခူးထားသူလည်းဖြစ်သည်။

မိမိအနေဖြင့် ယခုကစားနေသော ဂျာမန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ကစားခြင်းဖြင့် လာမည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင်လည်း စတုတ္ထအကြိမ်မြောက် ဗိုလ်စွဲရန်ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

အဆိုပါတင်းနစ်အဖွင့်ပြိုင်ပွဲတွင် ကမ္ဘာ့စတုတ္ထအဆင့်ရှိ မာတီနာဟင်းဂစ်သည် ယူကရိန်းမှ ဘွန်ဒါရင်ကိုအား အနိုင်ရလိုက်သည်။ ထို့အတူ ရုရှားမှလက်ရှိချန်ပီယံ ကမ္ဘာ့အဆင့်(၇)ရှိ ပီထရိုဗာသည် ပြင်သစ်မှဘာရီမွန်ကို အနိုင်ရလိုက်သည်။ ၎င်းသည် လာမည့်ပွဲစဉ်တွင် တစ်နိုင်ငံတည်းသူ ဒီမင်တီဗာနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တစ်နှစ်မြောက် မင်္ဂလာဆုတောင်း

ဗိုလ်ကြီးကျော်ကျော်သက်(တပခ)– မဝင်းမင်းသိန်း(ခ) ချိုတူး (ကံချွန်ရွှေဆိုင်၊ အောင်လံမြို့)တို့၏ မေလတွင် ကျရောက်မည့် တစ်နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင် နှစ်ပေါင်းများစွာ သာယာချမ်းမြေ့ပျော်ရွှင်တဲ့ မိသားစု ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေလို့။

မဋ္ဌေးဋ္ဌေးဟန်
"နေ" အထည်ချုပ်
ရန်ကုန်။

တစ်နှစ်အတွင်း ငွေပေးချေခြင်းစနစ်ဖြင့် ရောင်းရန်ရှိသည်

တောင်ဒဂုံစက်မှုဇုန်တွင် လက်ရှိလုပ်ငန်းလည်ပတ်နေသော စက်ရုံမြေ အကျယ်ပေ ၈၀ x ပေ၆၀၊ အဆောက်အအုံအကျယ်ပေ ၈၀ x ၄၈ ပေ၊ အဆောက်အအုံအမျိုးအစား RC-နှစ်ထပ်ခွဲ၊ အမိုးကို Slab လောင်းထားသည်။ ပါဝါမီတာပါသည်။ ဖုန်းပါသည်။ **ဆက်သွယ်ရန်–ဖုန်း–၅၀၀၄၄၁။**

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးတင်ဝင်း–ဒေါ်ထွေးထွေး တို့၏သားထွေး

မောင်မျိုးဝင်း

(Hotel Management Montgomary College)

နှင့်

ရန်ကုန်မြို့နေ (ဦးကျော်ဝင်း)–ဒေါ်တင်တင်ရီ တို့၏ သမီးကြီး

မယမုံကျော်ဝင်း(ခ)သီသီအောင်

[A.A Business Animastration,
B.S Accounting (George Mason University), U.S.A
D.A (LCCI)U.K, IOMAI Corporation(U.S.A)

တို့သည် နှစ်ဖက်သော မိဘတို့၏ သဘောတူခွင့်ပြုချက်အရ ၉–၁–၂၀၀၇ ရက်တွင် The Circuit Court for Montgomary County at Rock Ville Maryland တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးဝင်း–မယမုံကျော်ဝင်း(ခ)သီသီအောင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ အမှတ်၆၅၊ ဇေယျာလမ်း၊ နဝရတ်ရိပ်သာနေ ဦးတင်မျိုးလွင်(နဝရတ်ပဲခွဲစက်)–ဒေါ်တင်မာဆွေ(ရတနာပဲခွဲစက်)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးစည်သူဟိန်း

B.C.Sc(D.S.A), M.C.Sc (MEPHI)

နှင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်–ဒေါ်နွဲ့နွဲ့ဟန်တို့၏သမီးထွေး

မဇင်နွယ်လွင် (ခ) တူးတူး B.A(Law)

တို့အား

နှစ်ဖက်သောမိဘဆွေမျိုးများ၏သဘောတူညီချက်အရ ၂၄–၄–၂၀၀၇ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစည်သူဟိန်း–မဇင်နွယ်လွင်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုဇော်မင်းထွန်း၏ နိုင်ငံကူး လက်မှတ်–၀၈၉၉၉၆ သည် ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ကိုဇော်မင်းထွန်း၊ဖုန်း–၀၁–၅၇၀၁၇၉။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုဆန်းဝင်း၏ နိုင်ငံကူး လက်မှတ်–၂၉၅၇၂၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ကိုဆန်းဝင်း ဖုန်း–၀၉–၅၀–၁၁၀၇၁။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဉာဏ်လင်းမောင်၏ နိုင်ငံကူးလက်မှတ် အမှတ်– ၄၇၉၀၃၁ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း– ၀၉–၅၁–၄၂၀၇၅။**

Time & Treasure ရတနာဆိုင်

အထူးဈေးရောင်းပွဲ

Time & Treasure ရဲ့ (၂)နှစ်မြောက် အထိမ်းအမှတ် အနေဖြင့် ဒီဇိုင်းသစ် လက်ဝတ်ရတနာများကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။ Order ထည်များကိုလည်း အထူးလျှော့ဈေးနှုန်းဖြင့် လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ပါ၍ မိတ်ဟောင်း မိတ်သစ်များအား အထူးဖိတ်ခေါ်အပ်ပါသည်။

အထူးလျှော့ဈေးနှုန်းကာလ– မေ ၁၂ရက်မှစ၍ မေ ၃၁ ရက်အထိ

ခြံအမှတ်(၁)၊အနောက်မေခလမ်းသွယ်(၁)၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

Ph-661362,652697, Mobile 09-8025121 Fax;661362

မင်္ဂလာညီ့ခံပွဲ ကျေးဇူးတင်လွှာ

ဦးယဉ်ထွေး (ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဇလွန်မြို့)– ရန်ကုန်မြို့နေ ဒေါ်သီဂီဝင်းတို့၏တစ်ဦးတည်းသောသား

မောင်အောင်မျိုးထွန်း B.Sc (I.C)

Finance & Admin Manager Thet Paing Soe Co., Ltd.

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ဝင်း–ဒေါ်မြမြတို့၏တစ်ဦးတည်းသောသမီး

မိကျော့ဇင်ဝင်း

B.Sc (Hons), M.Sc, M.Res (Physics)

တို့၏ ၁၁–၃–၂၀၀၇ရက်တွင် Dusit Inya Lake Resort ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တွဲဖက်တိုင်းတရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြသော ဗိုလ်မှူးကြီးအောင်ညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှသိန်း (MD, ETM Lubricants)တို့အားလည်းကောင်း၊ ၁–၅–၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Grand Plaza Park Royal Hotel ၌ကျင်းပသော မင်္ဂလာညီ့ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ဆင်မြန်းပေးသော ဗိုလ်မှူးကြီးဉာဏ်ထွန်းဦး(ငြိမ်း)နှင့်ဇနီးဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးနန္ဒကျော်စွာ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Spectrum တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မသက်သက်ထွေး၊ လက်ထပ်လက်စွပ်ဗန်းကိုင်ပေးသော မအေးသီတာညို၊ မင်္ဂလာပန်းခြင်းကိုင်ပေးသော မောင်ခန့်သူဟိန်းတင့်နှင့် မမေသူရီလင်းထွန်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော အေးဇော်မိုး(စက်မှု)နှင့်အဖွဲ့၊ Grand Plaza Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးထွန်း–မိကျော့ဇင်ဝင်း။



မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ (မော်နီတာ)အပျက်များ အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်–ဖုန်း–၅၂၆၇၉၈။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊အမှတ် (၁၅၅–က)နေ ကျွန်မ၏သမီးဖြစ်သူ မသန်းသန်းစိုး ၁၂/ဥကတ(နိုင်)၀၄၉၃၈၉ ကိုင်ဆောင်သူသည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဒေါ်စန်းဝင်း ၁၂/ဥကတ(နိုင်)၀၄၉၃၉၂**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၂၇၃၊ Hino TE-21/Truck ယာဉ်လက်ဝယ်ရှိသူအမည် အကျဉ်းဦးစီးဌာန မှတ်ပုံတင်အမှတ်က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ (ရွာသာကြီးရုံး) (ရန်ကုန်မြို့)။**



ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက်လှူဒါန်း

ရန်ကုန် မေ ၁၀

ရန်ကင်းမြို့နယ် ပြည်သာယာ(ကျိုက္ကဆံစူပါဝမ်းတာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁လမ်း ကန်တော်ကလေးနေ နှစ်ဖက်သောမိဘအမှူးထား၍ ဦးဉာဏ်ထွန်းအောင်–ဒေါ်မေဇင်သန့် သား ထူးမြတ်အောင်၊ သမီး နွေးနုဝေရွှမ်းလဲ့မေ မိသားစုက အလှူငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဗဟန်း ရွှေဂုံတိုင်တာဝါ ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)အား ရည်စူး၍ ဒေါက်တာဒေါ်ခင်သန်းနုက ငွေကျပ်တစ်သိန်း၊ လှိုင်ရတနာလုံးချင်းအိမ်ရာ သဇင်လမ်းနေ ဒေါ်တင်လှ မိသားစုက ငွေကျပ်တစ်သိန်း၊ အင်းစိန် မင်းကြီးလမ်း ဦးဖေခင်အားရည်စူး၍ ဦးဖေသန်းက ငွေကျပ်တစ်သိန်း၊ တောင်ဥက္ကလာပ ဝေဇယန္တာလမ်း ဒေါ်ကျင်အေးမိသားစုက ငွေကျပ်တစ်သိန်း၊ မင်္ဂလာတောင်ညွန့် ၉၃လမ်း ဦးရှုမောင်မွေးနေ့ဒါန ငွေကျပ်တစ်သိန်း၊ မြောက်ဥက္ကလာပ ဝေဘာဂီလမ်း ဖခင် ဦးတင်အေးအားရည်စူး၍ ဒေါ်တင်ရွှေ မိသားစုက ငွေကျပ် ၁၁၁၂၀၀ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ကုသိုလ်ဖြစ်ဆေးခန်းတိုးမြှင့်ဆောင်ဓာတ်ခွဲခန်း ဆေးနှင့်ဆေးပစ္စည်းများအတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း– ၅၄၁၄၉၃၊ ၀၉–၅၁–၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

WHOအဖွဲ့၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတို့ ပူးပေါင်း၍ ကမ္ဘာ့တီဘီရောဂါ ကာကွယ်ရေး၊ အချိန်တိုဖြင့်ကုသနိုင်ရေး၊ ပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး အသိပေးရှင်းလင်းပွဲကို မေ ၇ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင်ပြုလုပ်ရာ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအတွက် အဏုကြည့်မှန်ဘီလူးဒေါ်လာ ၉၀၀ တန် တစ်လုံး ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က လက်ခံယူစဉ်။ (၃၅၂)

ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၁၀

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ခရိုင်ကျေးရွာ တံတားဦးကုန်းမြေ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသာရာလင်္ကာရ (ထေရဝါဒ ဘိက္ခုနန္ဒ) ဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ဧပြီ ၁၁ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ သင်တန်းသို့ ဒုလ္လဘသာမဏေအပါး ၅၀ အပါအဝင် သင်တန်းသား တစ်ရာကျော် တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ကြောင်း သိရသည်။ **(က–ပ)**

ရွှေညဝါအောင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းကြီး အောင်ပွဲ အခမ်းအနားနှင့် ရွှေညဝါပညာ့ဗိမာန်သုံးထပ်ကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာပွဲကို ဇွန် ၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ ဆင်ယင်ကျင်းပသွားမည်ဖြစ်ရာ သံဃာ့ဦးသျှောင်ဆရာတော်ကြီးများ အမှူးပြုသော ရွှေညဝါသံဃာတော်ပေါင်း အပါး၁၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ အလှူရှင်အသီးသီးတို့က ဒါတဗ္ဗဝတ္ထုအစုစု တို့ဖြင့် ဆွမ်းဆန်စိမ်းများလောင်းလှူခြင်း၊ သံဃာ့ပူဇာမင်္ဂလာပွဲကြီးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မေတ္တာရိပ် ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ပုသိမ်မြို့၌ဖွင့်

ပုသိမ် ဧပြီ ၁၈

ဧရာဝတီတိုင်း ပုသိမ်မြို့ မေတ္တာရိပ် ကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်းက စီစဉ်ဆောင်ရွက်သည့် မေတ္တာရိပ် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက် နံနက်က ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းနာယကဆရာ ဦးဖိုးလူက မေတ္တာရိပ် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတ၊ အမှတ်(၃) ရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် မေတ္တာရိပ် ကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်း ဥက္ကဋ္ဌ ဦးထွန်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်ပြီး **(ယာပုံ)**၊ စေတနာရှင်၊ အလှူရှင်များနှင့် ဆေးကုမ္ပဏီများက အလှူငွေနှင့် ဆေးပစ္စည်းများကို ဆက်လက်လှူဒါန်းကြသည်။

မေတ္တာရိပ် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် အတွင်း၌ (တနင်္ဂနွေနေ့မှ)အပ နေ့စဉ် နံနက် ၇နာရီ မှ ၉နာရီအထိ တစ်ကြိမ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်ဖွင့်လှစ်ပြီး မည်သူမဆို အခမဲ့ဆေးကုသနိုင်ကြသည်။

လှူဒါန်းနိုင်

အလှူငွေနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းလိုသူ စေတနာရှင်၊ အလှူရှင်များသည် မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတနှင့် မေတ္တာရိပ် ကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်း(ပုသိမ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁) အမှတ် ၃၃(အေ)နေ ဇနီး ဒေါ်ရင်ပုနှင့် သားသမီး၊ မြေး မိသားစုတို့က ဦးပါ(၁၅)နှစ်မြောက် အားရည်စူး၍ ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားလေးချပ်အတွက် အလှူငွေကျပ် တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်ရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့် စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မတ္တရာ ဧပြီ ၂၇

မတ္တရာမြို့နယ် သဖန်းကိုင်းကျေးရွာအုပ်စု သဖန်းကိုင်းကျေးရွာ၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၀၇)ဖွင့်ပွဲ၊ စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာရှိ အမှတ်(၂) မူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ် ပို့ချပေးရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး တို့ကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးက စာအုပ်မျိုးစုံ ၁၅ အုပ်၊ ကျေးရွာမှ ဦးသိန်းဝင်းမိသားစုက ငွေကျပ်၁၅၀၀၀၊ ကျေးရွာဥက္ကဋ္ဌက စာအုပ်မျိုးစုံ ၂၇အုပ်၊ မဟာမြိုင်ကျေးရွာမှ ငွေကျပ် ၃၀၀၀၊ အလှူရှင် ၅၉ဦးက ငွေကျပ် ၃၂၀၀၀နှင့် စာအုပ်မျိုးစုံ ၁၈၀တို့ကို စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းကြသည်။

လက်တွေ့ဆောင်ရွက်

စာကြည့်တိုက်မှူး ဦးကျော်မျိုးနိုင်က ကျေးဇူးတင်စကား ပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ ပညာရပ်များကို မြို့နယ်ဦးစီးမှူးနှင့် ရပ်သံကျွမ်းကျင်(၃) ဒေါ်ဆွေဆွေတင့်တို့က သင်ကြားပြသမှုကို လက်တွေ့ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဝက်လက်ကျေးရွာတွင် ရေတုံကင်တူးဖော်ထားမှုအခြေအနေကို မတ်၂၀ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တမူးမြို့တွင် သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေး

တမူး မေ ၂

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းဆောင်ရွက်သော ပဏာမသွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုစီမံချက် မြို့နယ်အဆင့် ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို မတ် ၁၆ရက် မွန်းလွဲ ၂နာရီက တမူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလူဖေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

သိကောင်းစရာ

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလူဖေဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဌေးတို့က အမှာစကားပြောကြားကြပြီး သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာသိန်းနိုင်ဦး၊ သွားနှင့်ခံတွင်းအထူးကု ဆရာဝန် ဒေါက်တာခန့်ဆွန်တို့က သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ရွှေတောင်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရွှေတောင် မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၅ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်း၊ တံတား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများ၊ မြို့ရေပေးဝေရေးလုပ်ငန်းနှင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားမှုများ၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများ၊ ယာဉ်၊ စက်ယန္တရားများ ကွပ်ကဲရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေရေးနှင့် ယာဉ်၊ စက် ယန္တရားများ အစဉ်အသုံးပြုနိုင်ရေးအတွက် အလေးဂရုပြုရေးနှင့် ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့် ဝင်ငွေများ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတ်မှတ်ကာလများအတွင်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရန် ပြောကြားသည်။



ထို့နောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်တို့ ဆက်သွယ်သည့် သံတံတားဦးလမ်း ကုလားချောင်းပေါ်ရှိ သံတံတားဦး တံတားတည်ဆောက်ပြုပြင်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် လုပ်ငန်းတာဝန်ခံဆောက်လုပ်သည့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ညီညီဆွေတို့က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

အကြို အခြေခံမီးသတ်သင်တန်း ဖွင့်ပွဲ ကော့သောင်းမြို့၌ ကျင်းပ

ကော့သောင်း မေ ၂

ကော့သောင်းမြို့နယ်အကြိုအခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ရက် နံနက် ၇ နာရီက ကော့သောင်း မြို့ ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကော့သောင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အားပေးစကားပြော

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းသားများကို အားပေးစကားပြောကြားသည်။ **(ဝဲပုံ)**

ကြာမြင့်မည်

အဆိုပါ သင်တန်းသို့ မြို့ပေါ် ၁၀ ရပ်ကွက်မှ သင်တန်းသား ၈၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သီရိပုံချိ ဦးနန်းနွယ်၊ ဦးစိန်ဝင်း၊ ဒေါ်သိန်းဟန်တို့အားရည်စူး၍ ဒေါက်တာ ဦးပဝရာဘိဝံသ(ပါမောက္ခ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ကို အမှူးထားကာ ရန်ကုန်တိုင်းလမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၅၄) ၃လွှာနေ ညီမ ဒေါ်ဝါဝါမြင့်၊ ဒေါ်နွဲ့နွဲ့ရီတို့၏ မောင်နှမတစ်စုက ကျောင်းမြေနှင့် အဆောက်အအုံအတွက် ငွေကျပ် ၁၁၀၀၀၀နှင့် ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်မည့် မဟာဗောဓိစေတီတော်အတွက် ငွေကျပ် ၁၁၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၂၂၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် ဖြစ်မြောက်ရေးအမှုဆောင် ဆရာတော်(ဗုဒ္ဓဂယာ) အရှင်တေဇိန္ဒ (သာသနဓဇ ဓမ္မာစရိယ M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကောင်းမြို့ စည်ပင်သာယာဈေး၌ ဆေးသုတ်အလှဆင်

မိုးကောင်း မေ ၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဧပြီ ၂၅ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာဈေးအတွင်း ဈေးဆိုင်ခန်းအမိုးများ၊ တံခါးများ ဆေးသုတ်အလှဆင်ခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးစန်းဝင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၆)

ဦးမြင့်သန်းအား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ဦးဝိစာရလမ်း အမှတ်(၄၈)နေ ဇနီးဒေါ်သန်းတင်၊ သား ဦးထွန်းအောင် ကြွယ်၊ ဦးဟန်ထွန်း၊ သမီး ဒေါ်အေးအေးခိုင်၊ ဒေါက်တာဒေါ်မေအေးသန်း၊ ဒေါ်မိုးသီတာ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ္တထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တီ=နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဂ္ဂရာ ရွှေစည်းခုံစေတီတော် ပြုပြင်ရန် အလှူငွေ လှူဒါန်းပွဲ စဉ့်ကိုင်၌ကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း(အလယ်) အမှတ် ၃၀၆၊ ၃လွှာ(ညာ)နေ မသီတာ၊ (ညီမ) ကိုသီဟဌေး-မဝင်းဝင်းဝါမိသားစုတို့က မဂ္ဂရာရွှေစည်းခုံစေတီတော် ပြုပြင်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀နှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ်နှစ်သိန်း လွှဲအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက်က မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ညှော်ပြအုပ်စု မဂ္ဂရာမြို့ဟောင်းရှိ ရွှေစည်းခုံစေတီတော်ကြီးရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ မဂ္ဂရာရှေးဟောင်းစေတီတော်များ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ဩဝါဒါစရိယ ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူရှင်များက ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီး ကပ္ပိယကာရကထံ မိမိတို့ရည်မှန်းသည့် အလှူငွေများကို လွှဲအပ်လှူဒါန်းကြပြီး **(အပေါ်ဝဲပုံ)** ကျောက်ဆည်မဟာဂန္ဓာရုံဆရာတော်ကြီးက မိန့်ကြားတော်မူသည့် အနုမောဒနာတရားတော်များကို နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **(က-ပ)**

မူဆယ်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဖွင့်

မူဆယ် ဧပြီ ၂၃

မူဆယ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက်နံနက် ၁၀ နာရီက မုံးပေါ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းအိုက်အေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်းက သင်တန်းအတွက် အလှူငွေကျပ်နှစ်သိန်းခြောက်သောင်းပေးအပ်လှူဒါန်းရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းအိုက်အေးက လက်ခံယူပြီး ခရိုင်ဥက္ကဋ္ဌက အလှူငွေကျပ်နှစ်သောင်းနှင့် မြို့နယ်အသင်းက အလှူငွေကျပ်နှစ်သောင်းကို မိဘမဲ့ကလေးရိပ်သာသို့ ပေးအပ်လှူဒါန်းရာ ရိပ်သာတာဝန်ခံ ဦးလှဆိုင်းက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ စကားဝိုင်းဆွေးနွေး အဘိုး၊ အဘွားများအား ဆေးဝါးများပေးအပ် ဂါရဝပြု

ဂန့်ဂေါ မေ ၅

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ စကားဝိုင်းဆွေးနွေးပွဲကို ဧပြီ ၂၀ ရက်က ဂန့်ဂေါမြို့နယ် စိုင်ဒူးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေး

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် အဖွဲ့ဝင်များက ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆေးဝါးများပေးအပ်

ထို့နောက် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝင်းနှင့် အဖွဲ့သည် ကျေးရွာရှိ အသက်(၈၀)ကျော် သက်ကြီး အဘိုး၊အဘွား ၁၀ဦးအား ဆေးဝါးများပေးအပ်၍ ဂါရဝပြုကြကြောင်း သိရသည်။ (၂၇၃)

မြို့နယ် သတင်းများ

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီး ရေလာကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ သပြေလမ်းဘေး ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ပြီး အုတ်စီရေမြောင်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးသက်ခေါင်းဆောင်သော ပြည်သူများဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အလှူငွေ ပေးအပ်လှူဒါန်း

မုဒုံမြို့နယ် ကျိုက်ထီးရိုး မဟာစည်ရိပ်သာကျောင်းတိုက်အတွင်း၌ တည်ဆောက်လျက်ရှိသော မဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံပုံတူ တည်ထားရန်အတွက် တနင်္သာရီတိုင်း မြိတ်မြို့ ပန်းဇင်ရွာနေ ဦးဝင်းနိုင်-ဒေါ်သန်းဌေး မိသားစုက ငွေကျပ်သုံးသိန်းလှူဒါန်းရာ မဟာစည်နာယက ဘဒ္ဒန္တဝိစာရိန္ဒ (သာယာကုန်း)ဆရာတော်ကိုယ်စား ကပ္ပိယကာရကတစ်ဦးက အလှူငွေကို လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၁၂ ရက်
၁၂-၅-၂၀၀၇
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) အသည်းထဲကချစ်စကားတွေ (ကျော်ဟိန်း-မေရွက်ဝါ)
(၂) ငယ်ကျွမ်းဆွေ (မင်းအောင်-အိဖြူ)
(၃) မိုးမဆုံး မြေမဆုံး (မောင်သိန်းဝင်း-နွဲ့ယဉ်ဝင်း)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန် ဖိနပ်စက်ရုံရဲ့ထုတ်ကုန်များ)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်တင်တင်ဝင်းနှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများအတွက် တေးသီချင်းများ
၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက်(အဋ္ဌမပိုင်း)(မောင်ဆုရှင်)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံသားတို့၏ စကားအသုံးအနှုန်း- မောင်ခင်မင်-ဓနုဖြူ)
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (မန္တလေးတိုင်းမှ မခင်စပယ်နှင့် ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်းတို့၏ ခေတ်ဟောင်း၊ ကာလပေါ်တေး)
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) နွဲ့မျိုးစုံ (ပြည်လှဖေ-တင်တင်အေး)
(၂) ပါးချိုင့်လေး (တက္ကသိုလ်ဖေစန်း)
(၃) မိဘမေတ္တာ (ဒေါ်ကြည်အောင်)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အသက်ရှည်ရှည် အရွယ်လှလှ- အောင်ကောင်း)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စည်သူလွင်၏ တေးစီးရီး-၁)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သမုဒ္ဒယဥယျာဉ်လှဝယ် (သင်းသင်းမြတ်)
(၂) ဒို့များအချစ်က သုံးနဲ့လေး (ကိုသန်းလှိုင်)
(၃) သမင်လိုက် (ခင်လေးရီ)

ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ညောင်ရေသွန်းလောင်းပူဇော်

မန္တလေး ဧပြီ ၃၀

မန္တလေးမြို့ မဟာမုနိဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း အဂ္ဂါထောင့်၌ရှိသော မဟာဗောဓိပင် ပရိဘောဂစေတီတော်မြတ်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီခွဲက မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်း ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက် ညောင်ရေသွန်းလောင်း ပူဇော်သည်။

အခမ်းအနားသို့ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ် ရေတော်ဆရာတော် ဘဒ္ဒန္တပညာဝံသ ကြွရောက်တော်မူပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဩဒိဿဥဒကဒါနရေကြည်တော်ဝတ်အသင်း၊ မဟာမုနိဝန်ထမ်းမိသားစု ဝတ်အသင်း၊ မဟာမုနိဝန်ထမ်းများနှင့် ကုသိုလ်ရှင်များ တက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် ဇနီးအဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးမိုးကောင်း ဓမ္မာရုံသို့ရောက်ရှိပြီး ရွှေအိုးကြီးလေးလုံးကိုင် နတ်ဗြဟ္မာလေးဦး၊ ရေတော်ဆရာတော် ဦးဆောင်လျက် တိုင်းမှူးနှင့် ဇနီး အဖွဲ့ဝင်များက ငွေဖလားများကို ကိုင်ဆောင်ကာ အစီအစဉ်အတိုင်း ကျောင်းတော်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ပြီး မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်း အဂ္ဂါထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိပင် ညောင်ရေသွန်းလောင်းပွဲသို့ ရောက်ရှိကြသည်။

သွန်းလောင်းပူဇော်

ဆက်လက်၍ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ရေတော်ဆရာတော်က ဇယန္တောဗောဓိယာမူလေ အစရှိသော အောင်အဘိသေက မင်္ဂလာဂါထာကို ရွတ်ဖတ်၍ ညောင်ရေသွန်းလောင်း ပူဇော်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တိုင်းအဆင့်ဌာနဆိုင်ရာအရာရှိများ၊ အခမ်းအနား တက်ရောက်လာကြသူအဖွဲ့ဝင်များအားလုံးက ပရိဘောဂ စေတီတော်မဟာဗောဓိပင်ကို ဝန်းရံ၍ အသီးသီးညောင်ရေသွန်းလောင်းပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ရှိ ဗောဓိပင်ဘုရားတွင် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲတော်သို့ ရောက်ရှိကြပြီး ဗောဓိပင်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဖူးမြော်ကြည်ညိုကြသည်။

ပူဇော်

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည် မိသားစုများသည် မန္တလေးနန်းမြို့ ဆုတောင်းပြည့်ဘုရား အရှေ့မြောက်ထောင့်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မဟာလောက မာရဇိန်စေတီကုသိုလ်တော် မြတ်စွာဘုရားသို့ရောက်ရှိကြပြီး ကုသိုလ်တော် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

လက်ယာရစ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားပရိဝုဏ်အတွင်း ၁၈၅၂ ခုနှစ်တွင် စိုက်ပျိုးထားသော ၁၁၅ နှစ်သက်တမ်းရှိ ခရေပင်များ ပြုစုထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးပြီး လောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားအား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

လှိုင်းဘွဲ့မြို့ အဝင်ဆိုင်းဘုတ် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ဧပြီ ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘွဲ့တံဆိပ်တော်ရဆရာတော် ထပ်ဆင့်ဂုဏ်ပြုပူဇော်

မော်လမြိုင်ကျွန်း မေ ၇

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပုညကာရီ ပရိယတ္တိစာသင်တိုက်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိတော်မူသော ဘဒ္ဒန္တဇာဂရ ဓမ္မာစရိယဆရာတော်အား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲကို မေ ၃ရက် မွန်းလွဲ ၁ နာရီက ပုညကာရီပရိယတ္တိစာသင်တိုက်ခန်းမ၌ ကျင်းပသည်။

ယင်းပူဇော်ပွဲသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက်ဆရာတော်ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)ဘဒ္ဒန္တ ရာဇိန္ဒနှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ကျောင်းတိုက်များမှ ပင့်သံဃာတော်များ ကြွရောက်တော်မူကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ထို့နောက် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲတွင် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်ကျွန်းမြို့ ပုညကာရီ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရအား ပုညကာရီဂေါပကအဖွဲ့နှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ **(အောက်ပုံ)** (ဝ၉၇)

ဒေသဖွံ့ဖြိုးရေး နှမ်းစပါး၊ နှမ်းနှမ်းနှင့် မိုးကြိုဝါစိုက်ပျိုး

မြင်းခြံ မေ ၃

မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး၊ နှမ်းစပါး၊ နှမ်းနှမ်းနှင့် မိုးကြိုဝါစိုက်ပျိုးမှု အခြေအနေကို ဧပြီ ၁၁ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

မြင်းခြံခရိုင်ဥက္ကဋ္ဌသည် ပုပ္ပားတောင်ကလပ်အမှတ် (၁)စောင်းတန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကြက်မောက်တောင်ဆည်ရေဖြင့် နှမ်းစပါး ၆၅ဧက အတွင်းတွင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ကွင်းအမှတ်(၂၂၇၀)ကို ကြည့်ရှုကြသည်။

ဆွေးနွေးမှာကြား

မြင်းခြံခရိုင်ဥက္ကဋ္ဌသည် မင်းဂေါင်တောင်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထားသော ၁၉၈ဧကကို စစ်ဆေးပြီးစိုက်စနစ်မှန်ကန်ရေး၊ လျာထားချက်ပြည့်ဝရန် စိုက်ပျိုးရေးကို ကြည့်ရှုကြသည်။ မြင်းခြံခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျောက်ပန်းတောင်းမြို့ ပေါ်၁၂ရပ်ကွက်တွင် စုပေါင်းစိုက်ပျိုးထားသော ကြက်ဆူပျိုးပင်များ ဖြစ်ထွန်းမှုကို ကြည့်ရှုပြီး ပျိုးပင်များရှင်သန်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (၂၂၇)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၄-၅-၂၀၀၇ (တနင်္လာနေ့)

❑ A Cultural Comparative Study between Pyu and Bagan
– ရှေးဟောင်းသုတေသနအထူးပြု၊ မြန်မာမှုအထူးပြုနှင့် SEAP Studies ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းသားများအားလုံး

❑ Mammalia Heart
– အဝေးသင်/နေ့ ပထမနှစ် သတ္တဗေဒ၊ ရုက္ခဗေဒ ကျောင်းသား ကျောင်းသူများ

၁၅-၅-၂၀၀၇ (အင်္ဂါနေ့)

❑ The Culture of Visnu Old City
– ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းသားများအားလုံး

❑ သက်ရှိနှင့်ပတ်ဝန်းကျင်
- ပညာပေး (ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ)

၁၆-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

❑ Numerical Methods for Initial Value Problems
– မဟာသိပ္ပံဒုတိယနှစ် အထူးပြု ကျောင်းသား ကျောင်းသူများ

❑ Hilbert Spaces and Banach Spaces
– မဟာသိပ္ပံပထမနှစ်အထူးပြု ကျောင်းသား ကျောင်းသူများ

၁၇-၅-၂၀၀၇ (ကြာသပတေးနေ့)

❑ Fruits and Dispersal of Seeds
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

❑ Plant Body
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

❑ Modifrcation of Plant Part
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

၁၈-၅-၂၀၀၇ (သောကြာနေ့)

❑ Germination
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

❑ Structure of Seeds
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

❑ Genetics
– တက္ကသိုလ်ဝင်တန်း အထောက်အကူပြု

၁၉-၅-၂၀၀၇ (စနေနေ့)

❑ စာစဉ်ဖြေဆိုပုံ ဖြေဆိုနည်း
– ပထမနှစ် မြန်မာစာ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ How to Attempt First Year English Specialization Assignment Questions 2007
– ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ စာစဉ်မေးခွန်းဖြေဆိုပုံ ဖြေဆိုနည်းကို ရှင်းပြခြင်း
– ပထမနှစ် စိတ်ပညာ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ စာစဉ်မေးခွန်းဖြေဆိုပုံ guidelines များပေးခြင်း
– ပထမနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ စာစဉ်ဖြေဆိုမှုနှင့်ပတ်သက်သော သိကောင်းစရာ ပို့ချချက်
– ပထမနှစ် ပထဝီဝင် အထူးပြု ကျောင်းသား ကျောင်းသူများ

❑ အရှေ့တိုင်းပညာစာစဉ် ဖြေဆိုပုံဖြေဆိုနည်း လမ်းညွှန်
– ပထမနှစ် အရှေ့တိုင်း မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ Guidelines for Answering Assignment Questions
– ပထမနှစ် စီးပွားရေးအထူးပြုနှင့် ပေါင်းစပ်ဘာသာရပ်များ

❑ Guidelines for Answering Assignment Questions
– ပထမနှစ် သမိုင်းအထူးပြုနှင့် ပေါင်းစပ်ဘာသာရပ်များ

❑ Testing the Validity of Categorical Syllogism
– ပထမနှစ် ဒဿနိကဗေဒ၊ ဥပဒေ၊ သမိုင်း၊ ပထဝီဝင်၊ အင်္ဂလိပ်စာ၊ အရှေ့တိုင်းစိတ်ပညာ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ How to Attempt First Year Assignment Questions-2007 (Department of Botany)
– ပထမနှစ် ရုက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

❑ Conflict of law
– စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ Collision
– စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ Maritime Liens
– စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ Classification of Constitution
– စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ The Logislative, and Judicial Poeser of the Administration
– စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ ဆရာဇော်ဂျီ၏ "ပန်းပန်လျက်ပဲ"ကဗျာနှင့်"စွမ်းရည်အလှကဗျာ"တို့မှ ရသမြောက်ကဗျာ အတွေးနှင့်အရေး
– ဒုတိယနှစ် ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ

❑ မြန်မာရသစကားပြေ
– ဒုတိယနှစ် ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ

❑ Population Statistics I
– ဒုတိယနှစ်အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ Population Statistics II
ဒုတိယနှစ်အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

❑ The Family
– ဒုတိယနှစ်အိမ်တွင်းစီးပွား၊ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ Nutrition
– ဒုတိယနှစ်အိမ်တွင်းစီးပွား၊ အထူးပြု ကျောင်းသား ကျောင်းသူများ

❑ Project Preparation and Evaluation
– ဒုတိယနှစ်ပြည်သူ့ရေးရာ အထူးပြု ကျောင်းသား ကျောင်းသူများ

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Col. Jasvinder Singh Chopra လည်း တက်ရောက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁*

လာရောက်တွေ့ဆုံ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC)ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့သို့ ထွက်ခွာ

ရန်ကုန် မေ ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အသွင်ပြောင်းဒီပလိုမေစီ၏ ဇာတ်ကောင်များကို...အထူးသတိပြု

"နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိနိုင်ငံရဲ့ ကိုယ်ပိုင်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်းဟာ ကျိုးကြောင်းဆီလျော်ပြီး မှန်ကန်ခိုင်မာတဲ့ အခွင့်အရေးပဲဖြစ်တယ်။ ကိုယ်ပိုင်အချုပ်အခြာအာဏာဆိုရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတွေပါဝင်တယ်။ ကိုယ်ပိုင်အချုပ်အခြာအာဏာကျင့်သုံးရာမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ဖို့က အဓိကကျတယ်"

စာဖတ်သူတစ်ဦး၏ ဆောင်းပါးကို (စာ- ၈၊ ၉) တွင် ဖတ်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၀-၅-၂၀၀၇)

မင်းတပ်မြို့	၂ ဒသမ ၂၀ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၁၂ လက်မ
မျှားပုံမြို့	၁ ဒသမ ၈၅ လက်မ
ကျောက်ဖြူမြို့	၁ ဒသမ ၃၄ လက်မ
ညောင်ဦးမြို့	၁ ဒသမ ၂၆ လက်မ